# စက်မှုအလင်း ဂျာနယ်

# Beacon of Industry

Vol.3, No.15 - Sep 30 , 2018 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေများအား မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်




ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
တောင်သူတစ်ဦးထံယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၃ ပေးအပ်စဉ်။

စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေများအား မူလပိုင်ရှင်များထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်နေ့၊ နေ့လယ်က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားခဲ့သည်။ စာ-၂

## ဒေါ်လာဈေးမြင့်တက်သော်လည်း BPI ဆေးဝါးများ ဈေးတက်ရောင်းချခြင်းမရှိ

ဒေါ်လာဈေးမြင့်တက်မှုကြောင့် ပြည်ပမှ မှာယူတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် နိုင်ငံခြားဆေးဝါးများ ဈေးနှုန်းမြင့်တက်မှုရှိသော်လည်း စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် BPI ဆေးဝါးများကို ဈေးတက်ရောင်းချခြင်းမရှိဘဲ မူလသတ်မှတ်ထားသည့် ဈေးနှုန်းအတိုင်းရောင်းချပေးလျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှ သိရသည်။ စာ-၅



## ကချင်ပြည်နယ်တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၃/၂၀၁၈) သင်တန်းဆင်း

စာ-၄

## ရေဘေးသင့်ပြည်သူများနှင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ လှူဒါန်းငွေပေးအပ်စဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E Dr. LUAN THUY DUONG တို့သည် စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်း၌ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ နည်းပညာသုတေသနဌာနတွင် ကျင်းပပြုလုပ်သည့် ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့တက်ရောက်ခဲ့ကြသည်။ စာ-၃



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

# စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေများအား မူလပိုင်ရှင်များထံ လွှဲပြောင်းပေးအပ်

စက်မှုဝန်ကြီးဌာနမှ ပြန်လည်စွန့်လွှတ်သောမြေများအား မူလပိုင်ရှင်များထံသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၂၂ ရက်နေ့၊ နေ့လယ်က ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် သံတောင်ကြီးမြို့နယ်၊ တောပြာကြီးကျေးရွာအုပ်စုရှိ ပြန်လည်စွန့်လွှတ်မြေ ၃၃၂ ဧကနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်ထံလွှဲပြောင်းပေးအပ်ပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ပြည်နယ်ဝန်ကြီး ဦးစောမြင့်ဦးတို့က သံတောင်ကြီးမြို့နယ်၊ တောပြာကြီးကျေးရွာအုပ်စုရှိ တောင်သူများထံသို့ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ-၃ များ ပေးအပ်ခဲ့ကြောင်းသိရသည်။




ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်
တောင်သူတစ်ဦးထံ ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ - ၃ ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
## Projects Closing Ceremony သို့တက်ရောက် အဖွင့်အမှာစကားပြောကြား

***UNIDO* နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့် စီမံကိန်းများပြီးစီးခြင်းအခမ်းအနား *Projects Closing Ceremony*** ကို စက်တင်ဘာလ ၁၉ ရက်နေ့၊ နံနက်က ***နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) ၌ကျင်းပခဲ့ရာ*** ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။





အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ UNIDO မှ Project Manager Mr.Toshiyuki Miyake နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသံနှင့်သံမဏိလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ UNIDO နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့် ***'သံနှင့်သံမဏိထုတ်ကုန်အရည်အသွေးစံနှုန်း သတ်မှတ်ရေးအသိပညာမျှဝေပေးခြင်း'*** စီမံကိန်းနှင့် ***'စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကိုအသုံးပြု၍ ချည်မျှင်ထုတ်လုပ်မှု ကွင်းဆက်ဖန်တီးရေး'*** စီမံကိန်းများ အောင်မြင်စွာပြီးမြောက်ရေး ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့် စက်မှုဝန်ကြီးဌာနအပြင် ဆက်စပ်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် UNIDO ရုံးမှတာဝန်ရှိသူများအား ကျေးဇူးတင်ရှိကြောင်း၊ ယခုပြုလုပ်ခဲ့သည့် Project များသည် မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် Project များဖြစ်ကြောင်း၊ ယခုဆောင်ရွက်ခဲ့သည့် စီမံကိန်းရလဒ်များကိုအခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များတွင်လည်း UNIDO မှ ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ကြောင်း၊ Steel Knowledge Sharing in Myanmar for Sustainable Relationships and Standards Project ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့နိုင်ငံအတွက် သံနှင့်သံမဏိထုတ်ကုန်များ အရည်အသွေးနှင့်စံနှုန်းသတ်မှတ်ခြင်း၊ စစ်ဆေးခြင်းနှင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည့်သံနှင့်သံမဏိဆိုင်ရာ Accreditation Body တစ်ခုဖွဲ့စည်းဆောင်ရွက်ရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း၊ သံမဏိထုတ်ကုန်များအရည်အသွေးနှင့် စံချိန်စံညွှန်းများကို စစ်ဆေးမည့်နည်းပညာမြင့် စက်ပစ္စည်းကိရိယာများပါဝင်သော ဓာတ်ခွဲခန်းလိုအပ်သဖြင့် UNIDO မှ နည်းပညာဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်း၊ ဓာတ်မီဓာတ်ခွဲခန်းရှိမှသာ သံနှင့်သံမဏိတို့၏စံနှုန်းနှင့် အရည်အသွေးကိုထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရှေ့ဆက်၍လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာဆိုင်ရာအထောက်အပံ့များ ပံ့ပိုးစေလိုကြောင်း၊ အလားတူပင် Green Textile Supply-Chain Derived from Agro-Residues Project သည်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီဆီလျော်မည့် စိုက်ပျိုးရေးလုပ်ငန်းမှစွန့်ပစ်အကြွင်းအကျန်များကို အသုံးချပြီး ကုန်ချောထုတ်လုပ်နိုင်မည့် နည်းပညာများရရှိစေခဲ့ကြောင်း၊ နာနတ်လျှော်ထုတ်လုပ်မှုနည်းပညာအပြင် အခြားအစိမ်းရောင်နည်းပညာများ ဖွံ့ဖြိုးလာစေရေး UNIDO နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် UNIDO ၏ Project Manager Mr. Toshiyuki Miyake က Project ရလဒ်များ၊ အကျိုးကျေးဇူးများနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားလိုသည့် အဆိုပြုချက် (Proposal ) များကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က စီမံကိန်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့်မြန်မာနိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် UNIDO နှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားလိုသည့်ကဏ္ဍများကို အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

## 'ဆဌမအကြိမ်မြောက် MSME များ၏ ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ပဲခူးမြို့တွင် ကျင်းပမည်'

ဆဌမအကြိမ်မြောက် MSME များ၏ ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ပဲခူးမြို့ မြို့တော်ခန်းမနှင့်ရွှေမော်ဓောဘုရားအနောက်ဘက်မုခ် ယာဉ်ရပ်နားကွင်းတွင် အောက်တိုဘာလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ၅ ရက်တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ***ဝင်ရောက်ပြသယှဉ်ပြိုင်လိုပါက ဦးခင်ရွှေ (တိုင်းဒေသကြီးဦးစီးမှူး) ဖုန်း - ၀၉-၅၀၆၇၄၇၅၊ ဦးအေးလွင် (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၉-၅၁၈၃၉၇၀*** ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မျက်နှာဖုံးမှ-

# ရေဘေးသင့်ပြည်သူများနှင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း





စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချို၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E Dr. LUAN THUY DUONG တို့သည် စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်း၌ ***ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ နည်းပညာသုတေသနဌာန***တွင်ကျင်းပပြုလုပ်သည့် ရေဘေးသင့်ပြည်သူများနှင့်ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့်အသုံးအဆောင်ပစ္စည်းများပေးအပ် လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ HAGL Group ၏ မန်နေဂျင်းဒါရိုက်တာ Mr. Cao Duy Thinh က ရေဘေးသင့်ပြည်သူများအား လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း (၁၀၀) ကိုပေးအပ်လှူဒါန်းရာ အမြဲတမ်းအတွင်းဝန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရေတာရှည်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများကို ကိုယ်တိုင်လာရောက်လှူဒါန်းသည့်အတွက် သံအမတ်ကြီးနှင့်အလှူရှင်များအား အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ယခုလှူဒါန်းမှုသည် မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုများကို ဖော်ဆောင်သည့်ပြယုဒ်တစ်ခုပင်ဖြစ်ပါကြောင်း၊ လှူဒါန်းငွေများကိုလည်း ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် အကျိုးရှိထိရောက်စွာ အသုံးပြုသွားမှာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရေဘေးသင့်ပြည်သူများအား မူလအနေအထားအတိုင်းအပြင် ပို၍လူနေမှုအဆင့်ကို မြှင့်တင်ပေးရန် အစွမ်းကုန်ကူညီပံ့ပိုး စီစဉ်ပေးလျက်ရှိကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖန်တီးပေးသွားမှာဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိအောင် Green Industry များ ထူထောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက သာဂရစက်မှုနယ်မြေရှိ ရေဘေးသင့် ဝန်ထမ်းများအား အစားအသောက်၊ အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီးက သာဂရစက်မှုနယ်မြေရှိ ရေဘေးသင့် ဝန်ထမ်းများအား အစားအသောက်၊ အဝတ်အထည်နှင့်လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်စဉ်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးက ရေဘေးသင့်ပြည်သူများအတွက် စက်မှုဝန်ကြီးဌာနနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များမှ ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၄၀၀ ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ပေးအပ်ရာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်ကလက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်သံအမတ်ကြီးတို့သည် ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ သာဂရစက်မှုနယ်မြေရှိ ရေဘေးသင့်ဝန်ထမ်းများအား အစားအသောက်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြရာ ရေဘေးသင့်ဝန်ထမ်းများ ကိုယ်စား ရေဘေးဒဏ်ခံစားခဲ့ရသည့် အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) မှ ထုတ်လုပ်မှုကျွမ်းကျင် (၄) ဒေါ်ဝေဝေလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရေဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ ❏




**အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က HAGL Group ၏ လှူဒါန်းငွေအား လက်ခံရယူစဉ်။**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၇၈) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်းဖွင့်လှစ်သည့် ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျား သင်တန်း’ အမှတ်စဉ် (၇၈) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၂၁ ရက်နေ့၊ နံနက် ၉ နာရီက မင်းပြားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်အစိုးရ၊ လျှပ်စစ်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မင်းပြားခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) ကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ/ဆရာမများ၊ သင်တန်းဆင်းသင်တန်းသား (၂၅) ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းအား စက်တင်ဘာလ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် ***‘စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ်’*** များကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ ❏




## အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) ၏ အမှတ်စဉ် (၉) သင်တန်းဆင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) တွင် ဖွင့်လှစ်ခဲ့သည့် အမှတ်စဉ် (၉) သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၂၁ ရက်နေ့၊ နံနက် ၉ နာရီတွင် သင်တန်းကျောင်း၏ Auditorium ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖြိုးမြင့်ဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားစံပြဆုရ၊ သင်တန်းတက်ရက်မှန်ဆုရနှင့် ဘာသာရပ်အလိုက်ထူးချွန်ဆုရသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် ကျောင်းအုပ်ကြီးက သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသူများက သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ သာဂရစက်မှုနယ်မြေမှ စက်ရုံမှူးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ သင်တန်းဆင်း သင်တန်းသားများ၏မိဘဆွေမျိုးများ၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှ နည်းပြများ၊ သင်တန်းသား ၁၁၀ ဦး၊ သင်တန်းသူ ၁၅ ဦး၊ စုစုပေါင်း သင်တန်းသား ၁၂၅ ဦးတို့ တက်ရောက်ခဲ့ကြပြီး အဆိုပါသင်တန်းအား (၁၆. ၁၀. ၂၀၁၇) ရက်နေ့မှ (၂၁. ၉. ၂၀၁၈) ရက်နေ့အထိ တစ်နှစ်သင်တန်းအဖြစ် သင်ကြားပို့ချပေးခဲ့ကြောင်း သိရှိရသည်။



သင်တန်းဆင်းလက်ရာများကို ကြည့်ရှုအားပေးစဉ်၊

## မျက်နှာဖုံးမှ- ကချင်ပြည်နယ်တွင် ဖွင့်လှစ်ခဲ့သည့် အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း အမှတ်စဉ် (၃/ ၂၀၁၈) သင်တန်းဆင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံးသင်တန်းခန်းမတွင် ဖွင့်လှစ်ခဲ့သည့် ***‘အခြေခံလျှပ်စစ်ကျွမ်းကျင်မှုရွှေ့လျားသင်တန်း’*** အမှတ်စဉ် (၃/ ၂၀၁၈) သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၄ ရက်နေ့ကကျင်းပခဲ့ရာ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်နှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်တန်းဆင်းအမှာစကားများပြောကြားကြပြီး သင်တန်းထူးချွန်ဆုများနှင့်သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်ကြသည်။




လျှပ်စစ်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အဆိုပါသင်တန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ တွင်လည်း ဆက်လက်၍ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၇၇) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) နှင့် မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ***‘စက်မှုနှင့်သက်မွေးပညာရွှေ့လျားသင်တန်း’ အမှတ်စဉ် (၇၇)*** သင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၄ ရက်နေ့၊ နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံမကျေးရွာ၊ သာသနာ့ဝေပုလ္လကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် ထူးချွန်ဆုရရှိသောသင်တန်းသားများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ရပ်မိရပ်ဖများ၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) မှ ကျောင်းအုပ်ကြီးနှင့်နည်းပြများ၊ သင်တန်းဆင်းသင်တန်းသား ၃၃ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ***‘အခြေခံလျှပ်စစ်ဘာသာရပ်’*** ကို စက်တင်ဘာလ ၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၄) အကြီးစားစက်ရုံ (ဒဂုံ) ရှိ ***အသုံးမလိုစက်ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ သက်ဆိုင်ရာစက်ရုံသို့ သွားရောက်ကြည့်ရှုပြီး ဈေးနှုန်းတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။***

*(က) တင်ဒါရောင်းချမည့်ရက် - ၁. ၁၀. ၂၀၁၈ ရက်နေ့ (ရုံးချိန်အတွင်း)*
*(ခ) တင်ဒါပိတ်မည့်ရက် - ၃၁. ၁၀. ၂၀၁၈ (ဗုဒ္ဓဟူးနေ့) ၊ ၁၆:၀၀ နာရီ*
*(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း စီမံရေးဌာန၊ ရုံးအမှတ် (၅၁) ၊ နေပြည်တော်*
*(ဃ) ဆက်သွယ်ရန် - ၀၆၇-၄၀၈၂၉၈ ၊ ၀၆၇-၄၀၈၄၀၇*

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ကြီးတံခွန်မြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေဖြန့်ဖြူးပေးနိုင်သည့် ရေတွန်းစက်ရုံ JICA ၏ကူညီထောက်ပံ့ငွေဖြင့် တည်ဆောက်ဖွင့်လှစ်



မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း ပြည်သူ ၃၀ ရာခိုင်နှုန်းအတွက် သန့်ရှင်းသောသောက်သုံးရေပေးဝေနိုင်သော ဂျပန်နိုင်ငံ၏ အကူအညီ အထောက်အပံ့ဖြင့် တည်ဆောက်ခဲ့သည့် အမှတ် (၁၄) ရေတွန်းစက်ရုံဖွင့်ပွဲကို စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီက ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်၊ ချမ်းမြဝတီပန်းခြံတွင် ကျင်းပသည်။

ရေလှောင်ကန်နှင့်ရေတွန်း စက်ရုံကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံအမတ်ကြီး H.E Mr. Ichiro Maruyama၊ JICA မြန်မာရုံးမှ ဌာနကိုယ်စားလှယ် Mr. Masayuki Karasawa တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂျပန်သံအမတ်ကြီးတို့က ရေတွန်းစက်ပန့်မော်တာအား စက်ခလုပ်နှိပ်ဖွင့်လှစ်၍ ရေတွန်းစက်ရုံနှင့်ရေလှောင်ကန်တို့အား လှည့်လည်ကြည့်ရှုကြသည်။ ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ဂျပန်နိုင်ငံ၊ တိုကျိုအင်ဂျင်နီယာအတိုင်ပင်ခံကုမ္ပဏီနှင့် တိုဘီရှီးမားကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တို့အား ဂုဏ်ပြုလွှာပေးအပ်သည်။

ပြည်ကြီးတံခွန်ရေပေးရေး စီမံကိန်းကို (၃. ၅. ၂၀၁၅) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ပြီးစီးကာ ရေတွန်းစက်ရုံမှ တစ်နာရီလျှင် ရေဂါလံ ၃၅,၀၀၀ ထုတ်ယူသုံးစွဲနိုင်သည်။ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ (ဃ)ရပ်ကွက်၊ (င)ရပ်ကွက်၊ ငွေတော်ကျီကုန်းရပ်ကွက်နှင့် သင်ပန်းကုန်းရပ်ကွက်များတွင် ရေမီတာများ အခမဲ့တပ်ဆင်ပေးခဲ့ပြီး သန့်ရှင်းသော သောက်သုံးရေများ ၂၄ နာရီ ရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**မျက်နှာဖုံးမှ-**

လက်ရှိအနေအထားမှာတော့ ဒေါ်လာ ဈေးတက်နေပေမယ့် အရင်တုန်းကဝယ်ထားတဲ့ ပြည်ပကုန်ကြမ်းတွေနဲ့ ဝယ်ထားတဲ့ဈေးအတိုင်း ဆက်လက်ထုတ်လုပ်ပြီး ဖြန့်ဖြူးရောင်းချနေပါတယ်။ ဈေးတက်ရောင်းဖို့ အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ လာမယ့်နှစ်တွေမှာ ပြည်ပကုန်ကြမ်းတက်ဝယ်ရတဲ့အခြေအနေမျိုးဆိုရင် တစ်မျိုးဖြစ်ချင်ဖြစ်မှာပါ' ဟု မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောသည်။

စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းမှထုတ်လုပ်သည့် BPI အမှတ်တံဆိပ်ပါဆေးဝါးများကိုရောင်းချရန် တင်ဒါအောင်မြင်ခဲ့သည့်ကိုယ်စားလှယ်ကုမ္ပဏီ လေးခုရှိပြီး အဆိုပါကုမ္ပဏီများကိုလည်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမပြုရန် ညွှန်ကြားထားကြောင်း မြန်မာ့ဆေးဝါးလုပ်ငန်းမှ သိရသည်။

'တင်ဒါအောင်ထားတဲ့ အရောင်းကိုယ်စားလှယ်တွေကို ဈေးတက်ပြီးမရောင်းချဖို့ ညွှန်ကြားထားတာရှိတယ်။ အရောင်းကိုယ်စားလှယ်တွေကိုလည်း ဈေးနှုန်းကိုသယ်ယူစရိတ်ပေါ်မူတည်ပြီး သင့်တင့်လျောက်ပတ်တဲ့ ၁၀ ရာခိုင်နှုန်းအတွင်းမှာပဲ ဈေးနှုန်းကိုပြင်ခိုင်း ထားတာရှိတယ်။ အဲဒါကို စည်းကမ်းမလိုက်နာရင် အရောင်းကိုယ်စားလှယ်အဖြစ်က ရပ်ဆိုင်းမှာပါ' ဟု မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြောသည်။ ဒေါ်လာဈေးနှုန်းမြင့်တက်မှုကြောင့် ပြည်ပမှ မှာယူတင်သွင်းနေရသည့် ဆေးဝါးများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းမှ ဒေါက်တာ စောနေနွယ်က 'ဆေးတွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်က နိုင်ငံခြားကတင်သွင်းရတဲ့အခါကျတော့ ရိုက်ခတ်မှုကတော့ရှိတယ်။ နှစ်လ၊ သုံးလအတွင်းမှာ တက်သွားတဲ့ ရာခိုင်နှုန်းကများတော့ ကြိုးစားပြီးစောင့်ဆိုင်းပေမယ့် မရဘူး။ ဆေးဝါးတွေက ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအထိ တက်လာတယ်။ ဒေါ်လာငွေဈေး ၁,၆၀၀ ကျော်သွားတဲ့အချိန်မှာတော့ ပြန်ကျလေမလားဆိုပြီး ကုမ္ပဏီတွေက စောင့်ကြည့်နေ တယ်လို့သိထားပါတယ်။ ပြန်မကျလာဘူးဆိုရင်တော့ ဈေးကတော့မြင့်တက်ရမယ့်အနေအထားရှိနေပါတယ်' ဟုပြောသည်။

**စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံများမှ BPI အမှတ်တံဆိပ်ပါဆေးဝါးများကို ယခင်က တစ်နိုင်ငံလုံးဆေးဝါးလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်း အောက်သာထုတ်လုပ်ပေးနိုင်ခဲ့ပြီး အစိုးရသစ်လက်ထက်တွင် တစ်နိုင်ငံလုံးဆေးဝါးလိုအပ်ချက်၏ ၁၅ ရာခိုင်နှုန်းအထက်ကို တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မြန်မာ့ဆေးဝါးလုပ်ငန်းအောက်ရှိ ဆေးဝါးစက်ရုံများမှ ဆေးဝါးအမယ် ၁၉၈ မျိုး ထုတ်လုပ်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆေးဝါးလုပ်ငန်းမှ နိုင်ငံတော်သို့ အမြတ်ငွေကျပ် ၁၂. ၁၆ ဘီလီယံ ရှာဖွေပေးနိုင်ခဲ့ကြောင်းသိရသည်။**

**မင်းသစ် *( MNA )***

## တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလှေပြိုင်ပွဲ မန္တလေးကျုံးရေပြင်တွင် ကျင်းပမည်



မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ကကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်ရိုးရာလှေလှော်ပြိုင်ပွဲကို အောက်တိုဘာလအတွင်း မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ နန်းမြို့ကျုံးရေပြင်တွင် ကျင်းပရန်စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်သည် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်လှေလှော်ပြိုင်ပွဲများကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံလှေလှော်အားကစားအဖွဲ့ချုပ်သည် အရှေ့တောင်အာရှသာမက အာရှအားကစားပြိုင်ပွဲများတွင်ပါ ဆုတံဆိပ်များရယူရန် ပြင်ဆင်လျက်ရှိသည်။

၂၀၁၈-အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ခဲ့ပြီး ဆုတံဆိပ်ပါမရရှိခဲ့သဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရယူနိုင်ရန် မျိုးဆက်သစ်အားကစားသမားများ ရှာဖွေလေ့ကျင့်ပေးနိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ် ရိုးရာလှေပြိုင်ပွဲ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# 'ပန်းရွှေယင်းမာ လှိုင်စွာပျံ့သင်း တော်သလင်း'

'ပန်းရွှေယင်းမာ လှိုင်စွာပျံ့သင်း တော်သလင်း' ဟု ကင်းဝန်မင်းကြီး ဦးကောင်းက စပ်ဆိုခဲ့သည်။ တော်သလင်းလတွင်ပွင့်သည့် ယင်းမာပန်းတို့၏ရနံ့သည် ပတ်ဝန်းကျင်တစ်ခုလုံး လှိုင်စွာပျံ့သင်းလျက် မွှေးလှပါကြောင်း ကဗျာရှင်က တင်စားလိုခြင်းဖြစ်ပါသည်။ ယင်းမာပန်းတို့၏ရနံ့သည် တကယ်ပင်မွှေးပျံ့သည်ကား ကျွန်တော့်အတွက်တော့ ပုစ္ဆာတစ်ခု ပမာသာ။

တော်သလင်းလဟူသည် မြန်မာလများတွင် ဆဋ္ဌမမြောက်လဖြစ်ပြီး ရက်စုံသောလလည်း ဖြစ်ပါသည်။ ရာသီနက္ခတ်အားဖြင့် ကန်ရာသီဖြစ်ပြီး ရာသီရုပ်အားဖြင့် မိန်းမငယ် သဏ္ဍာန်ကြယ်စုရှိသောလဟု တင်စားကြသည်။ နေ့တာရှည်ပြီး ညတာတိုသည်။ တော်ဟူသည်မှာ မြင့်မြတ်ခြင်း၊ အထွတ်အထိပ်ဖြစ်ခြင်း၊ ထက်ကောင်းကင်ဟုအဓိပ္ပာယ်ရပြီး သလင်း (သာလင်း) မှာသာယာထွန်းလင်းသည်။ ကြည်လင်သန့်ရှင်းသည်ဟု အဓိပ္ပာယ်ဆောင်သဖြင့် တော်သလင်းလသည် မိုးကောင်းကင်ကြည်လင်သန့်ရှင်းသောလဟူ၍ ခေါ်ဆိုနိုင်ပါသည်။


'ကန်ရာသီချိန်တွင်းမို့ ရွှေယင်းတဲ့မာငုံ၊ မြိုင်ဟေမာသာနန်းက သုတ်မြန်းလေယူဖြန်း သင်းပျံ့ပျံ့ထုံ၊ တိမ်စွန်ဆုံ ရောင်ဟုန်လျှံပ၊ လမင်းသော်တာနှင့် အဘဒ္ဒါရောင်လျှံညီးငယ် နီးသည့်ကာလ' ဟူ၍ တော်သလင်းလ၏သာယာပုံကို ဖိုးသူတော်ဦးမင်းက ဖွဲ့ဆိုခဲ့ပါသည်။ ယင်းမာပန်းကို မိုးနည်းခြောက်သွေ့သော အထက်အရပ်တွင်တွေ့နိုင်ပြီး ပေ ၆၀ ခန့်အထိ မြင့်သည့် အပင်မျိုးဖြစ်ပါသည်။ နံ့သာရောင်အပွင့်များ အခိုင်လိုက်ပွင့်သော ယင်းမာနှင့် စိမ်းလဲ့လဲ့နှင့်ဖြူသောအရောင်ရှိသည့် အပွင့်ပွင့်သောယင်းမာဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးစလုံးသည် တော်သလင်းလတွင် ပွင့်ကြပါသည်။

'ဒေါက်. . . ဒေါက်. . . ဒေါက်။'

ကျွန်တော်တော်သလင်းလအကြောင်း ဆောင်းပါးရေးရန်စဉ်းစားနေစဉ် တံခါးခေါက်သံကြား၍ ဖွင့်ပေးမိပါသည်။

'ဟာ ကိုသော်ကနှင့် ယင်းမာတို့မိသားစုပါလား။ သမီးနွယ်နီနဲ့သရဖီတို့လည်းပါရဲ့။ လာ. . လာ အိမ်ထဲဝင်။ မိန်းမရေ ဒီမှာပန်းချစ်သူတို့အဖွဲ့လာတယ်ဟေ့။'





ကျွန်တော်တံခါးဖွင့်ပေးရင်း မီးဖိုချောင်တွင်ချက်ပြုတ်နေသည့် ဇနီးဖြစ်သူကို လှမ်းပြောလိုက်ပါသည်။ ကိုသော်ကတို့မိသားစုမှာ ပန်းနာမည်များကိုသာ မှည့်ထားကြသဖြင့် 'ပန်းချစ်သူ' ဟူ၍ သူတို့မိသားစုကိုအများကအမည်ပေးထားပါသည်။

'ကိုစိန်ရေ ရေအေးအေးတစ်ခွက်ပေးဗျာ။ အရမ်းပူတာပဲ။ တော်သလင်းနေ ပုစွန်သေဆိုတာ သိပ်မှန်တာပဲဗျာ။ ဝါတောင်မကျွတ်သေးဘူး။ မုတ်သုန်လေက ဆုတ်ခွာနေပြီတဲ့။ ကျွတ်. . . ကျွတ်. . . ကျွတ်။'

ကျွန်တော်သူ့ကို ရေတစ်ခွက်ပေးပြီး အဲယားကွန်းပါဖွင့်ပေးလိုက်သည်။

'ဒါနဲ့ ခင်ဗျားတို့မိသားစုက ခရေအိမ်ရာမှာနေပြီး ဘာကြောင့်ကျုပ်တို့ပိတောက်အိမ်ရာကို ရောက်လာရတာလဲ။ လင်းစမ်းပါဦး။'

'အဲဒါက ဒီလိုဗျကိုစိန်ရ။ ခုဏကျွန်တော်ပြောတဲ့ တော်သလင်းနေပုစွန်သေတာနဲ့ပတ်သက်ပြီး သမီးနွယ်နီက သိချင်လို့တဲ့။ တော်သလင်းနဲ့ပတ်သက်တဲ့ အခြားဟာတွေလည်းပါတာပေါ့ဗျာ။ တော်သလင်းမိုး ကန်သင်းကျိုးတို့၊ စားဖိုသည်ဆင်းရဲ မိုးမစဲတို့ ဆိုတာတွေရောပေါ့။ ပူလွန်းတယ်လည်း ပြောတယ်ဗျာ။ ခြေခင်းလက်ခင်းသာလို့ ရေသဘင်ပွဲနဲ့ သစ်ဆင်းသဘင်ပွဲတို့ ကျင်းပတယ်လည်းပြောရဲ့။ မိုးကြီးတယ်၊ မိုးမစဲဘူးလည်းဆိုရဲ့ဗျာ။ ကျွန်တော်ရှင်းမပြတတ်တော့ဘူး။ အလုပ်ကိစ္စတစ်ခုနဲ့ သဇင်ဆောင်ဘက်သွားရင်း ခင်ဗျားဆီဝင်လာတာ။ ခင်ဗျားက စာရေးဆရာဆိုတော့ ရှင်းပြနိုင်မလားလို့။'

ကိုသော်ကနှင့်ကျွန်တော်မှာ ဌာနတစ်ခုတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး မိသားစုခြင်းလည်း ရင်းနှီးကြသည်။ နေထိုင်သည့်ဝန်ထမ်းအိမ်ရာခြင်းမတူကြသော်လည်း အပြန်အလှန်လည်ပတ်မှုတော့ရှိကြသည်။ ယခုလည်း သူတို့မိသားစုရောက်လာသဖြင့် ဇနီးသည်က မုန့်ဟင်းခါးဖြင့်ဧည့်ခံရန်ပြင်ဆင်နေသည်။

'ဒါက ဒီလိုရှိတယ်ဗျ။ အမှန်တော့ တော်သလင်းလက မာယာများတဲ့လလို့ဆိုနိုင်တယ်။ ဆယ့်နှစ်လရာသီမှာ ဆဋ္ဌမမြောက်လဆိုတော့ အလယ်ကျတာပေါ့ဗျာ။ ဝါတွင်းလေးလရဲ့နောက်ဆုံးလဖြစ်ပြီး မိုးလည်းမကုန်သေးသလို ဆောင်းလည်းမရောက်သေးတော့ လေထုမငြိမ်ဘူးပြောရင်ရတယ်။ ပုံမှန်မှာ လေထုငြိမ်သက်ပြီး သာသာယာယာရှိပေမယ့် မုန်တိုင်းတွေလည်း ဝင်လာနိုင်တယ်လေ။ ဒီတော့ မိုးသည်းထန်တာတို့၊ မိုးမစဲတာတို့ ဖြစ်တတ်တာပေါ့ဗျာ။ ပူတာကတော့ ပူတာပေါ့နော်။ တော်သလင်းနေ ပုစွန်သေဆိုတာက ပူလွန်းတာကို အလွန်အကြူးတင်စားတာ။ စပါးခင်းတွေမှာရေပြတ်ပြီး ငါး၊ ပုစွန်တွေသေတာလို့ ယူဆနိုင်ကောင်းပေမယ့် တကယ့်ဆိုလိုရင်းက တွင်းအောင်းတဲ့ကဏန်း (ပုစွန်လုံး) လို့ပြောတာဗျ။ ပူလွန်းလို့ တွင်းထဲက သတ္တဝါတောင် သေတယ်လို့တင်စားတာ။'

'အင်း ခင်ဗျားပြောမှပဲ သတိရတယ်။ ပုစွန်နဲ့ပုစွန်လုံးက အတော်တူတာနော်။ ညှပ်တဲ့လက်မကြီးတွေရှိတယ်။ မျက်စိပြူးပြီးရှည်ထွက်နေတယ်။ အခွံမာတွေနဲ့ ဖုံးအုပ်ထားတယ်မဟုတ်လား။'

ကိုသော်က၏ သမီးနှစ်ယောက်လုံးမှာ အထက်တန်းကျောင်းသူကလေးများဖြစ်ကြသည်။ စာတော်ပြီး စာဖတ်အားကောင်းကြသည်။ အကြီးမလေးနွယ်နီက ယခုနှစ် ဆယ်တန်းရောက်နေပြီဖြစ်သည်။

'လေးလေး. . . တိမ်တွေထပ်လှိုင်း မဆိုင်းစွေရွာ၊ မစွေရင်လည်း ကြဲကြဲဆူဆူ၊ ပူလိုက်ပြန်ပေ တော်သလင်းနေ ပုစွန်သေလို့ သမီးဖတ်ဖူးတယ်။ ဒါဆို ပုစွန်လုံးကိုပြောတာပေါ့နော်။'

'ဟုတ်တယ် သမီးရဲ့။ နောက်တစ်ခုရှိသေးတယ်။ တော်သလင်းတိမ်ညို စားဖိုသည်ဆင်းရဲ မိုးမစဲဆိုတာလည်းရှိတယ်ကွဲ့။ ရှေးတုန်းကတော့ အခုလိုစပါးကနေ ဆန်ဖြူဖွပ်တဲ့ဆန်စက်တွေမရှိသေးတာမို့ ဆန်ကိုရဖို့အတွက် စပါးကိုနေလှန်းပြီး မောင်းဆုံတွေနဲ့ထောင်း၊ ပြာလှေ့မှရတယ်သမီးရဲ့။ မိုးက တစိမ့်စိမ့်စွေရွာနေတော့ စပါးကိုနေမလှန်းနိုင်ဘူး။ ရှိတဲ့ဆန်ကိုချက်မယ်ကြံတော့လည်း ထင်းတွေကရေစိုပြီး မီးခိုးတလူလူနဲ့ ဆင်းရဲဒုက္ခရောက်ရတယ်လို့ ရေးဖွဲ့တာပါသမီး။'

'အင်း ဟုတ်ပါရဲ့နော်။ ခုခေတ်လိုမီးခလုတ်လေး တစ်ချက်နှိပ်လိုက်တာနဲ့ ထမင်းက ကျက်မလာဘူးဆိုတော့ အတော်ဆင်းရဲဒုက္ခရောက်ကြမှာပဲနော် လေးလေး။'

သွက်လက်ချက်ချာပြီး တစ်ချိန်လုံးငြိမ်သက်စွာနားထောင်နေသည့် အငယ်မလေး သရဖီက ဝင်ထောက်သည်။

'ဟုတ်တာပေါ့ သမီးရဲ့။ ခုခေတ်မှာ ဘာမဆိုအလွယ်ရပေမယ့် ရှေးတုန်းကတော့ ပင်ပန်းဆင်းရဲကြတယ်။ လယ်သမားတွေဆို ထွန်ယက်စိုက်ပျိုး၊ ပျိုးနှုတ်၊ ကောက်စိုက်နဲ့ အလုပ်များနေကြရာမှ ခုလိုတော်သလင်းလမှာမှ လုပ်ငန်းတွေပြီးလို့ အနားရကြတာကွဲ့။ မကြာခင်မှာ စပါးတွေရိတ်သိမ်းနယ်လှေ့နဲ့ အလုပ်များကြရဦးမှာ။ ဒီတော့ တော်သလင်းကာလမှာ အပန်းဖြေအနားယူရင်း လူကြီးသူမတွေက ဘုရားသွား၊ ကျောင်းတက် သီလယူကြသလို လူငယ်လူရွယ်တွေကလည်း ရေကန်နဲ့မြစ်ကမ်းစပ်တွေမှာ လေးတိုင်စင်ကြီးတွေဆောက်ပြီး စင်ပေါ်ကနေ အောက်ကခံထားတဲ့ပိုက်ထဲကို တပျော်တပါး ခုန်ဆင်းကြတယ်။ ရေထဲကိုကျော့ကျသလား၊ ဝမ်းဗိုက်နဲ့ကျသလား စောင့်ကြည့်ပြီး မိုးလေဝသခန့်မှန်းတာတွေရှိခဲ့ပေါ့။ တော်သလင်းလမှာ တော်သလင်းမြစ်တွင်း သင်ဖြူးခင်းဆိုတာလို လှိုင်းလေငြိမ်သက်နေလို့ သစ်ဝါးဖောင်တွေ မျှောဆင်းတဲ့လအဖြစ်လည်း တချို့ကရေးကြတယ်။ အင်းဝခေတ်နှောင်းပိုင်းမှာ ဒါကို သစ်ဆင်းသဘင်ပွဲလို့ခေါ်တယ်ကွဲ့။ အဲထူးခြားတာက ဒီလမှာလှေသဘင်ပွဲတွေကျင်းပကြတာပေါ့ကွယ်။'

'အင်း လေးလေးပြောမှ သမီးတို့သိရတယ်။ သမီးတို့သိထားတာက တော်သလင်းလမှာ ယင်းမာတွေပွင့်တယ်။ ရှေ့နောက်မညီတဲ့ ဖွဲ့ဆိုမှုတွေကိုလည်း အခုမှနားလည်တော့တယ်။ သမီးတို့ငယ်ငယ်တုန်းက ***မမလေးစိုက်ပါတဲ့ နှစ်ခြိုက်စရာ ပန်းရွှေယင်းမာ၊ ဖူးတံရာဖြာ ညှာတံကသေး၊ မပွင့်ခင် အရင်ချိုးတယ်၊ ညှိုးတတ်တယ်လေး***ဆိုတဲ့ ကဗျာလေးကို အရမ်းကြိုက်ခဲ့တာ။ ပန်းတို့ရဲ့သဘာဝကိုပြောတာဆိုပေမယ့် သမီးတို့ မိန်းကလေးတွေနဲ့လည်း ထပ်တူကျနေလို့လေ။ ***မပွင့်ခင် အရင်ချိုးတယ် ညှိုးတတ်တယ်လေး***ဆိုတဲ့ အပိုဒ်လေးကိုပေါ့။'

'ဟုတ်တယ် သမီးရေ။ မြန်မာမိန်းကလေးတွေအတွက် မြန်မာမှုပီသတဲ့ ကဗျာလေးပေါ့။ ကိုသော်ကရေ၊ ခင်ဗျားသမီးတွေက အလာကြီးပဲဗျနော်။ ပညာရေးမှာထူးချွန်ကြမယ့်ကလေးတွေပဲ။'

ကိုသော်ကတို့မိသားစုပြန်သွားချိန်တွင် ကျွန်တော်ရေးဖွဲ့လိုသော တော်သလင်းလဖွဲ့ ဆောင်းပါးသည် အစီအရီဖြင့် ကျွန်တော်၏စိတ်အစဉ်တွင် နေရာယူသွားသည်ဟု မှတ်ထင်ယုံကြည်မိသည်။ ထိုအချိန်မှာပင် အဆိုတော်ကြီး ဒေါ်မေလှမြိုင်၏အသံသြသြကြီးက ရုပ်မြင်သံကြားအစီအစဉ်တွင် ပေါ်လာသည်။ 'ကန်ရာသီတော်သလင်းမှ. . . မျှော်ရင်းကျွန်မက လွမ်းရပါသည်. . .'

**မောင်စိန်ဝင်း (ညောင်ခါးရှည်)**

## ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၈ ကျင်းပ

KMC

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၈ ( World Bamboo Day 2018 ) ကို စက်တင်ဘာလ ၁၈ ရက်နေ့၊ နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

'ဝါးနဲ့ပတ်သက်တဲ့ အသိပညာတိုးပွားစေရန်အတွက် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၈ ကို ကျင်းပပြုလုပ်တာပါ။ ဝါးနဲ့ပတ်



သက်တဲ့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝါးပင်ကိုစိုက်ပျိုးမှုရတာပါ။ စက်မှုလုပ်ငန်းသုံးဝါးဆိုတာရှိပြီး အစားအသောက်အတွက် မျှစ်ထုတ်လုပ်တဲ့ဝါးဆိုတာလည်း သီးသန့်ရှိပါတယ်။ ဒီနှစ်ခုက မတူပါဘူး။ ဒါကြောင့် ထုတ်လုပ်မယ့်ပစ္စည်းအမျိုးအစားအပေါ်မူတည်ပြီး ဝါးစိုက်ပျိုးနိုင်ဖို့အတွက် အသိပညာပေးခြင်းလည်းဖြစ်ပါတယ်' ဟု မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်သူကပြောသည်။

ယခုပြုလုပ်သည့် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၈ အား ထိုင်းနိုင်ငံမှ ဝါရင့်ဝါးပညာရှင်ပရော်ဖက်ဆာများက ဝါးနှင့်စပ်လျဉ်း၍ ပြည်သူများဖွံ့ဖြိုးတိုးတက်စေရန်နှင့်ခေတ်မီစက်မှုလုပ်ငန်းဖြစ်သည်အထိ ဆောင်ရွက်ခြင်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များနှင့် အင်ဂျင်နီယာများက ဝါးစိုက်ပျိုးရေးနှင့်စက်မှုလုပ်ငန်းများ တိုးတက်မှုဖြစ်လာသောကြောင့် ၎င်းနိုင်ငံရှိပြည်သူများအတွက် အကျိုးပြုခြင်းပုံစံများ၊ ဖိလစ်ပိုင်နိုင်ငံမှ ဝါးစက်မှုလုပ်ငန်းရှင်များက ဝါးနှင့်ပတ်သက်သည့် ထုတ်ကုန်များကိုထုတ်လုပ်ပြီး ကျေးလက်ဒေသများတွင်နေထိုင်သော ပြည်သူများအတွက် အကျိုးပြုခြင်းပုံစံများနှင့်အိန္ဒိယနိုင်ငံမှ ဝါးပညာရှင်များကလည်း ဝါးလက်မှုလုပ်ငန်းများ၊ ဒီဇိုင်းပုံစံများနှင့် ယခုအချိန်ထိ ၎င်းတို့နိုင်ငံတွင်ထုတ်လုပ်နေသည့် အနေအထားများအား ပြည်သူများအတွက်လာရောက်အသိပညာပို့ချခဲ့ခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ သစ်တောဦးစီးဌာနမှတာဝန်ရှိသူများနှင့် သစ်တောပညာရှင်များ၊ ဝါးစိုက်ပျိုးသူများနှင့် ဝါးလုပ်ငန်းရှင်များမှလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့အခမ်းအနား ၂၀၁၈ အား UK-AID, WWF, RECOFTC နှင့် မြန်မာနိုင်ငံ ကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းကျင်းပပြုလုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ဝါးစိုက်ပျိုးသူများ၊ ဝါးလုပ်ငန်းရှင်များ၊ ဝါးပညာရှင်များ၊ ဝါးလက်မှုထည်ထုတ်လုပ်သူများ၊ ဝါးထုတ်ကုန်ပြည်ပတင်ပို့သူများ၊ ဝါးနှင့်ပတ်သက်၍ စိတ်ဝင်စားသူများနှင့် ဝါးနှင့်ပတ်သက်သည့်ညီနောင်အသင်းအဖွဲ့အစည်းများတက်ရောက်ကြသည်။ ယင်းပွဲတွင် ဝါးနှင့်ပတ်သက်သည့်စက်မှုပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများနှင့် လက်မှုဒီဇိုင်းများ၊ စက်ပစ္စည်းများနှင့်လက်မှုထည်များကို သစ်တောနှင့်ပတ်သက်သည့် နိုင်ငံတကာအသိအမှတ်ပြု စာရွက်စာတမ်းများထုတ်ပေးနိုင်သော အဖွဲ့အစည်းများက အသိပညာပေးပြခန်းများဖြင့် ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။

## ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာနှစ်အတွင်း ပြည်သစ်ထုတ်လုပ်ရေးဌာနမှ သစ်မာတန်ချိန် ၅,၀၀၀ ထုတ်လုပ်မည်

ပဲခူးတိုင်းဒေသကြီး သစ်ထုတ်လုပ်ရေးဒေသမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း သစ်မာတန်ချိန် ၅,၀၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်း ပြည် သစ်ထုတ်လုပ်ရေးဒေသမှ အထွေထွေမန်နေဂျာ ဦးတင်မင်းဦး၏ ပြောပြချက်အရ သိရသည်။

ပဲခူးရိုးမက သစ်ထုတ်လုပ်မှု ၁၀ နှစ် ရပ်ဆိုင်းထားကြောင်း၊ ယခုရခိုင်ရိုးမ၊ ပန်းတောင်းမြို့နယ် ဘူးရိုးကြိုးဝိုင်းထဲကနေ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ကွန်းကလွဲပြီး သစ်မာအုပ်စုထဲမှ တန် ၅,၀၀၀ ထုတ်လုပ်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရောင်းဝယ်ရေးသစ်စက်ဌာနနှင့် ပြည်ပအရောင်းဌာနအနေနဲ့ ရွေးချယ်ပြီး လေလံပစ်သည့်လုပ်ငန်းတွေ ဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြည် သစ်ထုတ်လုပ်ရေးဒေသမှ ဦးတင်မင်းဦးကပင် ပြောသည်။

ယင်းသို့ထုတ်လုပ်မည့် သစ်အမျိုးအစားများမှာ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်းနှင့် အခြားသစ်မာအမျိုးအစားပေါင်းစုံ ပါဝင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို သက်သာစေသောနည်းစနစ်များအသုံးပြုခြင်းနှင့် ဌာန၏ ထုတ်ပြန်ချက်များ၊ ဥပဒေများအတိုင်း တိတိကျကျ ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့သစ်လုပ်ငန်းမှ တာဝန်ရှိသူတို့က ပြောသည်။

သစ်ထုတ်လုပ်မည် ဆိုပါက ထုတ်မယ့်နေရာဒေသကို လူထုသိဖို့လိုကြောင်း၊ အသိပညာပေးနိုင်မှ အဆင်ပြေမည်ဖြစ်ကြောင်း၊ သစ်ထုတ်ရာမှာ ဘာတွေတော့ လုပ်လို့ရတယ် ဘာတွေကိုတားမြစ်တယ် ဆိုတာကိုပါ ဒေသလူထုကသိမှ အဆင် ပြေမည်ဖြစ်ကြောင်း အစိမ်းရောင်မျိုးဆက် သဘာဝပတ်ဝန်းကျင်အဖွဲ့ နာယက ဦးနေဦးက ပြောသည်။

အဆိုပါသစ်မာ တန် ၅,၀၀၀ ထုတ်လုပ်ပြီးပါက ထုတ်လုပ်ခဲ့သည့်နေရာများတွင် သဘာဝတန်ဖိုးမြင့်စိုက်ခင်းများ ပြန်လည်စိုက်ပျိုးခြင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းနွယ်ဦး(နယ်လှည့်)**

## International Tourism Expo Myanmar ( ITEM ) 2018 ပြပွဲ ပါဝင်ရန် တရုတ်နိုင်ငံကို ဖိတ်ကြားထား

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌ ကျင်းပမည့် နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်း ( ITEM ) 2018 ပြပွဲတွင်ပါဝင်ပြသရန် တရုတ်နိုင်ငံကိုဖိတ်ကြားထားကြောင်းMyanmar Tourism Federation တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်မင်းထင်ထံမှ သိရသည်။

တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန် သိရှိသူနည်းပါးကြောင်း၊ သတင်းအချက်အလက်နှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအကြောင်း မျှဝေလိုခြင်းတို့ကြောင့် တရုတ်နိုင်ငံကိုဦးစားပေးဖိတ်ကြားခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းက ပါတနာအဖြစ်ပါထား၍ ပိုမိုအဆင်ပြေကြောင်း၊ နောင်နှစ်မှာလည်း ကျင်းပမည်ဖြစ်၍ အခြားနိုင်ငံများကိုပါ ထပ်မံဖိတ်ကြားမည်ဟု ဦးကျော်မင်းထင်ထံမှသိရသည်

ယင်းပြပွဲတွင် ပြည်တွင်းပြည်ပမှ လေကြောင်းလိုင်းများ၊ ဘဏ်နှင့်အာမခံလုပ်ငန်းများ၊ ဟိုတယ်များ၊ အပျော်စီးသင်္ဘောကုမ္ပဏီများ၊ ပြည်တွင်းပြည်ပခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီများ စသည့်လုပ်ငန်းများက ၎င်းတို့၏ဝန်ဆောင်မှုများကို ဝင်ရောက်ပြသ ရောင်းချမည်ဖြစ်သည်။

အဆိုပါပြပွဲကို နိုဝင်ဘာလ ၂ ရက်နေ့မှ ၄ ရက်နေ့အထိ ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ကျင်းပရန်စီစဉ်ထားပြီး၊ တရုတ်နိုင်ငံမှ ပြခန်းအတွက် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှ အခမဲ့စီစဉ်ထားကြောင်း မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း၏တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ပန်းချမ်းငယ်**

**စက်မှုအလင်းဂျာနယ်တွင်**
**သတင်းနှင့်ကြော်ငြာများအား**
**၀၆၇၃-၄၀၅၀၅၇၊ ၀၆၇၃-၄၀၅၄၂၉**
**သို့ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ဗုဒ္ဓဘာသာဝင်တို့၏ မီးထွန်းပွဲတော်

✍ မောင်ဉာဏ်(ရုံးချုပ်)

မြန်မာတို့၏ (၁၂) လရာသီပွဲတော်များသည် ဘာသာရေးနှင့်ပတ်သက်ဆက်နွှယ်နေသော ရာသီပွဲတော်က များသည်။ သီတင်းကျွတ်မီးထွန်းပွဲတော်အကြောင်း ပြောမည်ဆိုလျှင် မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ ဝါကပ်ပုံ၊ ဝါကပ်ရခြင်းအကြောင်းတို့အား ဖယ်ထား၍မရပေ။ ထိုဝါကပ်ခြင်းအကြောင်းကို ပြောမည်ဆိုလျှင်လည်း တာဝတိံသာသို့ကြွမြန်းပုံ၊ တိတ္ထိတို့နှင့်တန်ခိုးပြိုင်ပုံတို့ကို ချန်ထား၍မရပြန်ပေ။ တိတ္ထိတို့နှင့်တန်ခိုးပြိုင်ပုံကိုပြောမည်ဆိုပြန်လျှင်လည်း တန်ခိုးပြိုင်ရခြင်း၊ တိတ္ထိတို့ရန်ငြိုးထားကြခြင်းအကြောင်းတို့အား ပယ်ထား၍မရပြန်ပေ။ သို့မှသာ သီတင်းကျွတ်မီးထွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့တန်ဖိုးထားဆင်နွှဲကြသော ရာသီပွဲတော်တစ်ခုဖြစ်ကြောင်း ပြည့်စုံပီပြင်ထင်ရှားလာတော့မည်ဖြစ်သည်။



တစ်နေ့သ၌ ဆင်ခြင်တိုင်းစားယုံမှားသံသယများသော ရာဇဂြိုဟ်သင်္ဌေးသည် စန္ဒကူးနှစ်ကိုသပိတ်တစ်လုံးပြုလုပ်၍ ဝါးအဆင့်ဆင့်စိုက်ထူကာ အတောင်ခြောက်ဆယ်အမြင့်၌ ချိတ်ဆွဲထားလေသည်။ အနီး၌လည်း 'လောက၌ ဘုရား၊ ရဟန္တာအကယ်၍ရှိမူ ကောင်းကင်ခရီးဖြင့် ဤသပိတ်ကိုယူနိုင်ခဲ့မူ သား၊ မယား၊ ဆွေမျိုးတို့နှင့်တကွ ငါနှိမ့်ချပျပ်ဝပ်လျက် အသက်ထက်ဆုံးလုပ်ကျွေးအံ့' ဟု စာတမ်းရေးထိုးထားလေသည်။ တိတ္ထိဆရာကြီးတို့ အမျိုးမျိုးလိမ်ညာလှည့်ပတ်ကာ မယူနိုင်ကြသောအခါ သေသောက်ကြူးတို့က 'လောက၌ ဘုရား၊ ရဟန္တာမည်သည် မရှိ' ဟု ရှုံ့ချပြောဆိုကြတော့သည်။

ထိုစကားကိုကြားလျှင် အရှင်မဟာမောဂ္ဂလန်သည် အရှင်ပိဏ္ဍောလမထေရ်အား ဤသပိတ်အား ကောင်းကင်ခရီးဖြင့်ယူစေလေသည်။ အရှင်ပိဏ္ဍောလလည်း တန်ခိုးအမျိုးမျိုးပြကာ ကောင်းကင်ခရီးဖြင့် စန္ဒကူးသပိတ်ကိုယူလေသည်။ ထိုအကြောင်းကို မြတ်စွာဘုရားကြားသိသောအခါ ရဟန်းတို့ကိုခေါ်တော်မူ၍ အရှင်ပိဏ္ဍောလအား အပြစ်ဆိုပြီး စန္ဒကူးသပိတ်ကိုအစိတ်စိတ်ခွဲစေကာ သံဃာတော်တို့အား မျက်စဉ်းမှုန့်ကြိတ်စေခြင်းငှာ ဝေတော်မူသည်။ ထို့နောက် 'ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော အကြောင်းမျှဖြင့် တန်ခိုးပြာဋိဟာကို မပြရ' ဟု ပညတ်တော်မူလေသည်။

ထိုအခါ စန္ဒကူးသပိတ်ကိုမယူနိုင်ကြ၍ အရှက်ရခဲ့ကြသော တိတ္ထိတို့သည် အခွင့်စောင့်ကာ ပြည်သူအပေါင်းတို့အား 'လူအများတို့. . . ငါတို့ကား မိမိဂုဏ်ကိုစောင့်ရှောက်ကြ၏။ သစ်သားသပိတ်ဟူသော အကြောင်းမျှဖြင့် တန်ခိုးပြာဋိဟာကို မပြကြကုန်။ ရဟန်းဂေါတမ၏တပည့်တို့သည် ပညာမဲ့ကြသောကြောင့် သပိတ်ငယ်မျှသောအကြောင်းဖြင့်လည်း ကောင်းကင်ပျံခြင်းကိုပြုဘိ၏။ ဆရာက တားမြစ်ဆုံးမရပြီ။ ဆရာဂေါတမကား ပညာအတန်ရှိ၍ သပိတ်ကိုခွဲစေခဲ့၏။ အကယ်၍ သင်တို့သိလိုမူ ရဟန်းဂေါတမတန်ခိုးပြလျှင် ဆယ်ဆထောင်ရာတို့ထက်သာ၍ ငါတို့တန်ခိုးပြမည်။ နှစ်ဦးဆိုင်၍ ပြိုင်မည့်ပွဲကိုသူသာ၏၊ ငါသာ၏၊ ဘုန်းတေဇောကို ရှုကြပါလော့' ဟု ဆိုကုန်ကြလေသည်။

ထိုအကြောင်းကို ဗိမ္ဗိသာရမင်းကြီးကြားလေသော် မြတ်စွာဘုရားအား 'အရှင်ဘုရား သာဝကတို့အား ပြာဋိဟာပြခြင်းကို ပညတ်တော်မူ၏ဟူသည် မှန်ပါ၏လော'။

'မှန်ပေ၏။ မင်းမြတ်'။

'ဤသို့ဆိုလျှင် တိတ္ထိတို့အခွင့်သာ၍ ဘုရားရှင်နှင့်တန်ခိုးပြိုင်ပြမည်ဟု လွန်စွာကြုံးဝါးပြောဆိုကြကုန်၏။ အသို့ပြုအံ့ပါနည်း။'

'မင်းကြီး၊ တိတ္ထိတို့ကို နှိမ်နင်းစိမ့်သောငှာ တန်ခိုးပြဋိဟာပြစေလိုသော် ငါကိုယ်တိုင်ပင်ပြအံ့။'

'အရှင်ဘုရားတို့မှာ သိက္ခာပုဒ်ပညတ်တော်မူပြီးပြီ မဟုတ်လော။'

'မင်းကြီး ပညတ်သည်မှန်၏။ ပညတ်သော်လည်း ငါ၏အကျိုးငှာမဟုတ်၊ သာဝကတို့၏အကျိုးငှာ ပညတ်တော်မူသည်။'

'အရှင်ဘုရား၊ မိမိကား မကျင့်ဘဲ သူတစ်ပါးကိုကျင့်စေသော် လျော်တုံပါအံ့လော။'

'သင်မင်းကြီး သင့်အား ငါမေးအံ့။ သင်အစိုးပိုင်သော နိုင်ငံအတွင်း၌ မင်း၏ဥယျာဉ်တို့သည်ရှိကုန်၏လော။'

'အရှင်ဘုရား ရှိကြပါ၏။'

'ထိုဥယျာဉ်ရှိ သစ်ပင်၊ သစ်သီးတို့ကို သူတစ်ပါးစားသုံးဖျက်ဆီးသော် အသို့ပညတ်သနည်း။'

'သူတစ်ပါးတို့ စားသုံးဖျက်ဆီးသော် မင်းဒဏ်ပေးပါ၏။'

'သင်မင်းကြီး စားသုံးဖျက်ဆီးရာ၌ အသို့ပြုသနည်း။'

'ဒကာတော်မှာ ဥစ္စာရှင်ဖြစ်၍ အပြစ်မရှိပါ။'

'သင်မင်းကြီးအား အပြစ်မရှိသကဲ့သို့ ကာလသာမယကို သိမြင်တော်မူသော ငါဘုရားအားလည်း သိက္ခာပုဒ်ကိုပညတ်ခြင်းကြောင့် မလွန်ကျူးရမည်သည်မရှိ၊ သာဝကတို့သာ မကျူးရာသည်။ ထို့ကြောင့် တန်ခိုးပြာဋိဟာကို ငါပြတော်မူမည်။'

'ကောင်းလှပါပြီ အရှင်ဘုရား။'

မြတ်စွာဘုရားကိုယ်တိုင် တန်ခိုးပြိုင်မည့်အကြောင်း တိတ္ထိတို့ကြားလျှင် တဖန် 'ရဟန်းဂေါတမသည် တပည့်တို့အား တန်ခိုးပြခြင်းကိုတားမြစ်၍ မိမိသာတန်ခိုးပြမည်ဟုဆို၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် 'အရှင်ဘုရား တိတ္ထိတို့သည် များစွာကဲ့ရဲ့ကုန်၏။ တန်ခိုးပြာဋိဟာကို အဘယ်အခါမှပြတော်မူအံ့နည်း။'

'မင်းကြီး ဤလမှသည် လေးလလွန်သော် ဝါဆိုလပြည့်နေ့၌ ပြတော်မူမည်။'

'အဘယ်အရပ်၌ ပြတော်မူမည်နည်း။'

'မင်းမြတ် ရှေးရှေးကုန်သော နောင်တော်ဘုရားတို့သည် သာဝတ္ထိပြည်ကိုမှီ၍သာ ယမိုက်ပြဋိဟာကို ပြတော်မူကုန်မြဲဖြစ်သည်။ ငါဘုရားလည်း နောင်တော်များထုံးစံကို မလွန်စကောင်းပေ။ ထို့ကြောင့် သာဝတ္ထိပြည်ကိုမှီ၍သာ ပြာဋိဟာပြတော်မူအံ့။' ထိုအခါမှသာ မင်းကြီးလည်းစိတ်ချ၍ နန်းတော်ပြန်လေသည်။

ထို့နောက် ဘုရားရှင်သည် အနာထပိဏ်ပင့်လျှောက်၍ သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်။ တိတ္ထိတို့လည်း ဥပါယ်တံမျဉ်ဖြင့် နောက်ကလိုက်ကြလေသည်။ လူတို့ကမေးကြသောအခါ 'ရှင်ကြီးဂေါတမသည် ငါတို့နှင့်တန်ခိုးပြိုင်မည်ဆိုပြီး ထွက်ပြေးမည်စိုး၍ လိုက်ကြသည်' ဟု ပြောကြပြန်သည်။ လူအများတို့လည်း ငါတို့လည်း ဖူးမြင်ရအောင်လိုက်ကြကုန်အံ့ဟု စည်းဝေးတိုင်ပင်၍ လိုက်ကြကုန်သည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူပြီး ဥပ္ပလဝဏ်၊ မိလ္လိကာ စသောမာတုဂါမတို့အားလည်းကောင်း၊ ကောသလမင်း၊ စူဠအနာထပိဏ်စသော ဥပါသကာတို့အားလည်းကောင်း တရားရသကိုဝေငှတိုက်ကျွေးတော်မူသည်။ တိတ္ထိတို့သည်လည်း ကြီးစွာသောမဏ္ဍာပ်ကိုတည်ဆောက်ပြီး ငါတို့တန်ခိုးပြအံ့ဟု သတင်းလွှင့်ကြလေသည်။

ထိုအခါ ပသေနဒီကောသလမင်းကြီးသည် 'အရှင်ဘုရား အဘယ်နေရာ၌ ယမိုက်ပြာဋိဟာကိုပြအံ့နည်း'။

'ကဏ္ဍမွအမည်ရှိသော သရက်ပင်ရင်း၌ ပြတော်မူအံ့။'

'အရှင်ဘုရား အဘယ်နေ့၌ပြတော်မူအံ့နည်း။'

'ဝါဆိုလပြည့်နေ့၌ ငါပြတော်မူမည်။' ထိုအကြောင်းကို တိတ္ထိတို့ကြားလျှင် တစ်ယူဇနာအတွင်း ရှိရှိသမျှသောသရက်ပင်တို့ကို နုတ်ထွင်ဖျက်ဆီးကြရာ အပင်ပေါက်မျှသော်လည်း မကြွင်းတော့ချေ။

ဤသို့ဖြင့် ဝါဆိုလပြည့်နေ့သို့ရောက်သော် နံနက်အခါတွင် ကဏ္ဍအမည်ရှိသောသူသည် မိမိ၌တစ်လုံးတည်းသာ ကြွင်းရစ်သောသရက်ဖြူသီးအား မြတ်စွာဘုရားအား ကပ်လှူသည်။ ဘုရားလည်း ထိုသရက်သီးအား ဘုဉ်းပေးတော်မူပြီး အစေ့ကို

စာမျက်နှာ ၉ သို့-

စာမျက်နှာ ၈ မှ-

မြေ၌စိုက်ကာ လက်ဆေးရေဖြင့်လောင်းလေရာ မီးပုံမှသက်သော မီးအခိုးကဲ့သို့ ခက်မငါးဖြာနှင့်အပွင့်အသီးပြည့်စုံသော သရက်ပင်ကြီးဖြစ်လာလေသည်။ ထိုသတင်းကို မင်းကြီးကြားလျှင် မင်းချင်းယောကျ်ားတို့ကို အစောင့်ထားလေတော့သည်။ ထို့နောက် မိုးကြီးလေကြီးကြကာ တိတ္ထိတို့၏မဏ္ဍပ်လည်း ပြိုလဲပျက်စီးကာ ပူရဏကဿပတိတ္ထိဆရာကြီးလည်း မြစ်ရေဲကြီး၌ ဆင်း၍ သေလေသည်။

သုံးဆယ့်ခြောက်ယူဇနာမြေအရပ်ဝယ် အကြားအလပ်မရှိ ပရိသတ်တို့ စည်းဝေးရောက်လာသည်ကိုမြင်လျှင် ဘုရားကိုယ်တော်မြတ်သည် ထက်ဝန်းကျင်သောစကြာဝဠာတိုက်အလုံးကို ဖုံးကွယ်ခြင်းမရှိ ပကတိမြင်စေတတ်သော လောကဝိဝရဏ တန်ခိုးကိုဖွင့်တော်မူ၍ ယူဇနာဝက်အမြင့်ကောင်းကင်ပြင်၌ အရှေ့စကြာဝဠာမှ အနောက်စကြာဝဠာတိုင်အောင်သော ရတနာစင်္ကြံကို ဖန်ဆင်းတော်မူသည်။ ထိုနေ့မွန်းတည့်သောအခါဝယ် ဂန္ဓကုဋီတိုက်မှထွက်၍ ရတနာစင်္ကြံဦးမှရပ်တော်မူ၏။

ထိုအခါ ယရဏီနုပါသိကာမသည် 'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အကျွန်ုပ်ကဲ့သို့ သမီးကောင်းရှိပါလျက် အပင်ပန်းမခံပါနှင့်။ တန်ခိုးပြာဋိဟာကို အကျွန်ုပ်ပြပါအံ့။'

'ချစ်သမီး၊ သင်အဘယ်သို့ တန်ခိုးပြအံ့နည်း။'

'အကျွန်ုပ်သည် ကြက်မငယ်သဏ္ဌာန်ဖန်ဆင်း၍ အနောက်စကြာဝဠာမှငုပ်၍ အရှေ့စကြာဝဠာ၌ပေါ်ပါမည်။ ထို့အတူ အရှေ့မှအနောက်၊ တောင်မှမြောက်၊ မြောက်မှတောင် ဤသို့ပြုပါအံ့။'

'ချစ်သမီး၊ သင်ပြုနိုင်သည်ကို ငါသိတော်မူ၏။ သို့ရာတွင် ဤအရေးသည် ငါ့အရေးသာဖြစ်၏။'

ထို့နောက် စူဠအနာထပိဏ်အနာဂါမ်လည်း 'အရှင်ဘုရားသည် မပင်ပန်းသင့်ပါ။ တန်ခိုးပြာဋိဟာကို အကျွန်ုပ်ပြပါအံ့။'

'အဘယ်သို့ သင်ပြအံ့နည်း။'

'အရှင်ဘုရား၊ ကျွန်ုပ်သည် တစ်ဆယ့်နှစ်ယူဇနာရှိသော ဗြဟ္မာမင်း၏ကိုယ်သဏ္ဌာန်ဖန်ဆင်း၍ မိုးကြိုးအသံနှင့်တူသော အသံဖြင့် လောကဓာတ်ကိုလွှမ်းမိုးအောင် လက်ပန်းပေါက်တီးပြပါအံ့။'

'သင်ပြုနိုင်သည်ကို ငါသိ၏။ သို့ရာတွင် ဤအရေးသည် ငါ့အရေးသာဖြစ်၍ သင်ဖယ်ရှားလော့။'

ထို့နောက် ဥပ္ပလဝဏ်ဘိက္ခုနီမသည် 'အရှင်ဘုရား အကျွန်ုပ်သည် စကြာဝတေးမင်းဟန်ဖန်ဆင်း၍ သုံးဆယ့်ခြောက်ယူဇနာပြည့်လောက်သော ပရိတ်သတ်အခြံအရံနှင့်တကွ ကောင်းကင်ခရီးဖြင့်လာ၍ ရှင်တော်မြတ်၏ခြေတော်ကို ဦးတိုက်ပါမည်' ဟု လျှောက်သော်လည်း ပယ်မြဲပယ်လေသည်။

အရှင်မဟာမောဂ္ဂလာန်လည်း ရှေ့တော်ဝပ်၍ 'အရှင်ဘုရား၊ အကျွန်ုပ်သည် ယူဇနာရှစ်သောင်းလေးထောင်နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းကို ခံတွင်းသွားကြား၌ထား၍ သခွား၊ ဖရုံကဲ့သို့ ညက်ညက်ကြေအောင်ဝါးပါအံ့။ ထိုမှတစ်ပါး သတ္တဝါများကို လက်ဝါးတစ်ဘက်၌နေစေ၍ ဤမြေကြီးကို နှီးဖျာသင်ဖြူးကဲ့သို့လိပ်လျက် လက်ချောင်း၏အကြား၌ ထားပါအံ့။ ဤမှတစ်ပါးလည်း ရထားလှည်းဘီးစက်ကဲ့သို့ သွက်သွက်ခါမျှ မဟာပထဝီကိုလည်စေပြီး မြေကြီးကိုလှန်၍ မြေကြီးအောက် ၌တည်နေသော မြေလွှာသြဇာကိုယူကာ သတ္တဝါအများစားသုံး ပါစေအံ့။'

'ထိုမှတစ်ပါး ချစ်သားအဘယ်သို့ပြုနိုင်အံ့နည်း။'

'အရှင်ဘုရား၊ ဤစကြာဝဠာ၌နေကုန်သော သတ္တဝါများကို လက်ဝါးတစ်ဖက်၌နေစေ၍ မြင်းမိုရ်တောင်ကိုထီးရိုးပြုလျက် ဤမဟာပထဝီမြေကြီးကို ထီးရွက်တင်ပြီးလျှင် ထီးလက်စွဲသော ရဟန်းကဲ့သို့ လက်တစ်ဖက်ဖြင့်သာကိုင်၍ လူမြင်သာသော ကောင်းကင်ယံ၌ စင်္ကြံသွားပြပါအံ့။'

'ချစ်သား၊ သင်၏အစွမ်းအာနုဘော်ကို ငါသိတော်မူ၏။ သို့ရာတွင် ဤပရိသတ်အား ငါဘုရားကိုရည်မှတ်၍သာ စုဝေးလာချေသည်။ ထို့ကြောင့် ငါဘုရား၏သဘင်တော်သာဖြစ်ရာသည်။



ရှေးရှေးနောင်တော်ဘုရားတို့ အစဉ်ပြတော်မူမြဲလည်းဖြစ်၏။'

ထို့နောက် မြတ်စွာဘုရားသည် ရတနာစင်္ကြံသို့တက်တော်မူ၍ စတုတ္ထစျာန်ကိုဝင်စားတော်မူလျက် ရောင်ခြည်တော်ခြောက်ဆိုင်တို့သည် ကွန့်မြူးကာအထက်ဗြဟ္မာပြည်တိုင်အောင် တက်လေသည်။ ထို့ပြင် ဘုရားရှင်၏ကိုယ်အင်္ဂါအသီးသီးမှ ရေအလျှံ၊ မီးအလျှံတို့သည် ရောယှက်ခြင်းမရှိဘဲ ကွန့်မြူးထွက်ပေါ်လာလေသည်။ ထို့နောက် မြတ်ဘုန်းခေါင်သည် ကိုယ်တော်ပွားနိမ္မိတဗုဒ္ဓတစ်ဆူကို ကိုယ်တော်နှင့်အသွင်တူဖန်ဆင်း၍ ကိုယ်တော်စင်္ကြံကြွလတ်သော် နိမ္မိတဘုရားသည်လျောင်း၏။ ကိုယ်တော်ရပ်လျှင် နိမ္မိတသည် စင်္ကြံကြွ၏။ ကိုယ်တော်ထိုင်ဘိသော် နိမ္မိတဘုရားသည် ရပ်၏။ နိမ္မိတဘုရားသည် ထူးခြားနက်နဲသော ပြဿနာကိုမေး၍ ကိုယ်တော်မြတ်ဖြေတော်မူပြန်သည်။ ထိုကဲ့သို့ ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် မဆက်သော ယမကပါဋိဟာရိယဉာဏ်ဖြင့် ထက်မိုးယံဝယ် အမျိုးမျိုးဖန်ဆင်းပြတော်မူလေသည်။

ထိုသို့တန်ခိုးပြပြီးအဆုံးဝယ် တာဝတိံသာနတ်ပြည်၌ဝါကပ်၍ မယ်တော်ဖြစ်ခဲ့သောနတ်သားအား တရားဟောတော်မူကြသော ဘုရားရှင်တို့ဓမ္မတာကိုမြင်တော်မူသဖြင့် ထိုဝါဆိုလပြည့်နေ့ညချမ်းဆည်းဆာဝယ် တာဝတိံသာနတ်ပြည်သို့တက်ခြင်းငှာ လက်ယာခြေတော်ကို ချီတော်မူလျှင် ယူဇနာလေးသောင်းနှစ်ထောင်အမြင့်ဆောင်သော ယုဂန္ဓိုရ်တောင်ထိပ်သည် ဦးညိတ်ညွတ်ပြားလျက် ဖဝါးတော်အောက်တွင် ခံလာသည်။ ထိုတောင်ထိပ်၌ လက်ယာခြေတော်ကိုချပြီး လက်ဝဲခြေတော်ကို တဖန်ချီပြန်လျှင် ယူဇနာရှစ်သောင်းလေးထောင်နှစ်ပြန်ဆောင်သော မြင်းမိုရ်တောင်မင်းသည် မီးမျှဉ်းသောကြိမ်ညွှောက်ကဲ့သို့ ခြေတော်အောက်သို့ ညွတ်လျက်ခံလာသည်။ ဤသို့ နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာသို့တက်၍ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ၌ မယ်တော်ဖြစ်ခဲ့သော သန္တုသိကနတ်သားအား အမှူးထားကာ နတ်ဗြဟ္မာအပေါင်းအား အဘိဓမ္မာဒေသနာတော်ကိုဟောတော်မူလေသည်။

ထိုအခါ လူအပေါင်းတို့သည် ဘုရားရှင်ကိုမဖူးမြင်ကြရသောကြောင့် အံ့သြတုန်လှုပ်ကြ၍ 'လောကသနင်းသည် ကြီးမားသောပြာဋိဟာကိုပြ၍ မည်သည့်အရပ်သို့ကြွတော်မူလေသနည်း' ဟု အရှင်မောဂ္ဂလာန်ကို မေးလျှောက်ကြကုန်သည်။ အရှင်မြတ်သည် မိမိသိငြားသော်လည်း အရှင်အနုရုဒ္ဓါ၏ ဂုဏ်ထင်ရှားစိမ့်သောငှာ 'နတ်မျက်စိကဲ့သို့သိမြင်သောအရာ၌ ဧတဒဂ်ရထားသော အရှင်အနုရုဒ္ဓါကိုမေးကြကုန်' ဟု တိုက်တွန်းလေသည်။ အရှင်အနုရုဒ္ဓါက 'ဒါယကာတို့ မြတ်စွာဘုရားသည် တာဝတိံသာနတ်ရွာဝယ် ဝါဆိုတော်မူလို၍ တာဝတိံသာနတ်ပြည်သို့ကြွတော်မူကာ ယခုသုဒဿနမြို့ပင်လယ်က သစ်ပင်ရင်း၌ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်နေရာထက်ဝယ် တင့်တယ်စွာ စံပယ်တော်မူပေသည်။' ထိုအခါ လူတို့သည် ဝမ်းသာအားရဖြစ်ကာ 'ဘယ်အခါမှ လူတို့ရွာသို့ ကြွလာတော်မူလတ္တံ့နည်း' 'ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူ၍ သီတင်းကျွတ်လပြည့်တိုင်မှ ပြန်ကြွတော်မူလတ္တံ့' ပရိသတ်များလည်း ဘုရားသခင်ကိုမဖူးမြင်ရသမျှ ဤပြည်မှမပြန်အံ့ဟု ကြံကြပြီးလျှင် သာဝတ္ထိမြို့အနီးဝယ် အသီးသီးသစ်ခက်တဲကိုပြု၍ နေကြကုန်၏။

သီတင်းကျွတ်လဆန်းရှစ်ရက်နေ့သို့ ရောက်လတ်သော် ရှင်မောဂ္ဂလာန်သည် ပရိသတ်လေးပါးတို့၏ လျှောက်ထားချက်အရ တာဝတိံသာနတ်ပြည်သို့တက်၍ မြတ်စွာဘုရား၏အနီးဝယ်ဝပ်ဆင်း၍ 'အရှင်ဘုရား စည်းဝေလတ်သော လူပရိသတ်အပေါင်းသည် ကိုယ်တော်မြတ်အား ထပ်ကြပ်ဖူးမြင်လိုကြ၍ နေရင်းဌာနသို့ မပြန်ကြပါ။ 'ဤနတ်ရွာမှ ဆင်းသက်မည့်ကာလ ရပ်ဌာနကို ဗျာဒိတ်စကားမိန့်ကြားတော်မူပါဘုရား'

'ချစ်သား. . . သင်၏နောင်ကြီးဖြစ်သော သာရိပုတြာသည် အဘယ်ပြည်၌ဝါကပ်သနည်း' 'အရှင်ဘုရား. . . သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်ပါသည်' 'ချစ်သား. . . ငါဘုရားသည်လည်း ဤနေ့မှ နောက်ခုနှစ်ရက်မြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ သင်္ကဿနဂိုရ်ပြည်၏ တောင်တံခါးရင်းဝယ် ဆင်းသက်တော်မူအံ့ ငါဘုရားကိုဖူးမြင်လိုကုန်သော သူတို့သည် ထိုအရပ်သို့ လာစေကုန်လော့' 'ကောင်းပါပြီဘုရား' ရှင်မောဂ္ဂလာန်လည်း ဘုရားရှင်၏အမှာစကားအား ပရိတ်သတ်တို့အား ပြောကြားလေသည်။ လူအပေါင်းတို့လည်း သောင်းသောင်းဖြဖြဖြင့် သင်္ကဿနဂိုရ်ပြည်သို့ ရှေးရှုထွက်ကြလေကုန်သည်။

သီတင်းကျွတ်လပြည့်နေ့သို့ရောက်သောအခါ သိကြားမင်းသည် သုဒဿနမြို့တောင်တံခါးမှသည် သင်္ကဿနဂိုရ်ပြည် တောင်တံခါးဝတိုင်အောင် ထောင်အပ်သောလှေကားကဲ့သို့ လွန်စွာတင့်တယ် ရှုချင်ဖွယ်ဖြစ်သော ပတ္တမြားစောင်းတန်းကို ဖန်တီးပြီး ထိုစောင်းတန်းတစ်ဘက်စီ၌ ရွှေဖြင့်ပြီးသော စောင်းတန်းတစ်သွယ်၊ ငွေဖြင့်ပြီးသော စောင်းတန်းတစ်သွယ် တို့ကိုဖန်ဆင်းသည်။ ကိုယ်တော်မြတ်သည်လည်း သုဒဿနမြို့ ထိပ်၌ရပ်တော်မူလျက် လောကဝိဝရဏတန်ခိုးဖြင့် အဝီစိမှ အထက်ဘဝဂ်တိုင်အောင် အလုံးစုံသော လောကဓာတ်သည်

စာမျက်နှာ ၁၀ သို့-

# ကျွန်တော်နှင့် ကျွန်တော်



သေအတူ ရှင်မကွာ၊ ငယ်ပေါင်းကြီးဖက် မိတ်ဆွေတစ်ယောက်ကို ကျွန်တော်ပိုင်ဆိုင်ခွင့်ရထားပါတယ်။

ကျွန်တော်၏အကောင်းအဆိုး အဝဝကို ကျွန်တော်နှင့်ထပ်တူထပ်မျှ မျှဝေခံစားပေးသူမို့လည်း ငယ်စဉ်ကတည်းကနေ ယခုအချိန်အထိ လက်တွဲမဖြုတ် ဆက်နွယ်ပတ်သက်ခရီးဆက်နေကြတာပါ။

သူနှင့်ကျွန်တော်က အသက်ချင်းတူပေမယ့် အရွယ်ကတော့ ကျွန်တော်ကသူ့ထက်စာရင် အိုစာလို့ သူ့ရဲ့သွက်လက်မှုကို လိုက်မမှီပါဘူး။ သူလုပ်ချင်၊ ဖြစ်ချင်တဲ့အလုပ်တစ်ခုကို အတူတူလုပ်ကြရတဲ့အခါ ကျွန်တော့်ရဲ့တုန့်နှေးနှေး အားမပါတဲ့စွမ်းဆောင်မှုတွေကို သူသိပ်အားရပုံမရပါဘူး။ အဲဒီ့အခါမျိုးမှာ 'မင်းရဲ့ငယ်ငယ်ကအားတွေ ဘယ်ပျောက်ကုန်ပြီလဲ။ ချစမ်းပါ။ လုပ်စမ်းပါ' လို့ သူက အတင်းတိုက်တွန်းရင်တော့ မဖြစ်ညစ်ကျယ်အားလေးထည့်၊ ကြုံးရုန်းလုပ်လိုက်မိရင် ၂ ရက်လောက်တော့ ခန္ဓာကိုယ်က ဝေဒနာတွေပွားပါလေရောဗျာ။

ဒီလိုဆိုပြန်တော့လည်း 'မင်းကကိုယ့်ကိုယ်ကိုယ်မှ မညှာတာကိုးကွ။ ကိုယ့်အသက်အရွယ်လည်း ကြည့်ဦးလေ' ဆိုပြီး သူက အပြစ်ပြောပြန်ရော။

အတူတွဲ၊ အတူနေခဲ့ကြသူခြင်းဆိုတော့ သူ့အကြောင်းလည်းကိုယ်ကသိ၊ ကိုယ့်အကြောင်းလည်း သူကသိ။ ဒါပေမဲ့ တစ်ခါတစ်ခါ အစေးမကပ်လို့ အငြင်းအခုန်ဖြစ်ရတာလည်း ရှိပါရဲ့။ သွားမယ်၊ မသွားဘူး၊ စားမယ်၊ မစားဘူး၊ လုပ်မယ်၊ မလုပ်ဘူး စတဲ့ ဘာမဟုတ်တဲ့ အသေးအမွှားကိစ္စလေးတွေကအစ သူနဲ့ကျွန်တော် လွန်ဆွဲကြတာလေ။ ငယ်တုန်းကတော့ ကျွန်တော်ကအနိုင်ရတာများသလောက် ဇရာဘက်ရောက်လာတဲ့ အခုလိုအချိန်မှာ ကျွန်တော်သူ့အလို မလိုက်ဖြစ်တာ၊ မလိုက်နိုင်တာ များလာတယ်လေ။ တစ်ခါတလေတော့လည်း နှစ်ယောက်သားက သဟဇာတဖြစ်နေပြန်ရော။ အဲဒါကလည်း သိပ်မကြာလှပါဘူး။ အပြောင်းအလဲမြန်တတ်တဲ့ ဒီကောင်က ခုတစ်မျိုး၊ တော်ကြာတစ်မျိုးရယ်။ သူ့ကိုထိန်းရတာကလည်း ကျွန်တော့်မှာအလုပ်ကြီးတစ်ခုလိုဖြစ်ရောဗျ။

ခုတလော သူနဲ့ကျွန်တော် မကြာမကြာဆွေးနွေးဖြစ်တာက ကျွန်တော်တို့ရဲ့အနာဂတ်အကြောင်း။ အနာဂတ်မှာဖြစ်ချင်တာတွေကို လက်ရှိဘဝပေးအခြေအနေတွေနဲ့ ယှဉ်ထိုးပြီး နှစ်ယောက်သား သက်ပျင်းတွေချမိကြတယ်ဗျ။ အပြန်အလှန်အားပေးရင်းနဲ့ ရှေ့ဆက်လျှောက်ကြတာပေါ့ကွာလို့ နားလည်မှုယူတဲ့အခိုက်အတန့်ကတော့ သာသာယာယာလေးပါပဲ။

ပစ္စုပ္ပန်ကိုတည့်တည့်လျှောက်၊ အကောင်းဆုံးလုပ်ဖို့ ကျွန်တော်တို့ချင်း သဘောတူထားတယ်။ ကျွန်တော့်ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလုပ်ဖို့ သူကတိုက်တွန်းသလို မင်းလည်းခြေငြိမ်အောင် စာများများဖတ်ကွာလို့ ကျွန်တော်က သတိပေးထားတယ်။ ဒါမှလည်း နှစ်ယောက်သား ရှေ့ခရီးဆက်နိုင်ကြမှာလေ။

ခု သူ့အကြောင်းစာရေးဖြစ်တာက သူက တိုက်တွန်းလို့။ ဟိုလိုလေးရေးလိုက်၊ ဒီလိုလေးရေးလိုက်လို့ အနီးကပ်ဆရာကြီးလုပ်နေတာက သူ။ ဒီကြားထဲ သူကပဲပြောရသေး။ 'ကောင်းတာလေးတွေပဲ ရေးနော်' တဲ့ဗျာ။ ကျွန်တော်ကရေးမယ်လုပ်တုန်း မဟုတ်ရပြန်ဘူးဗျာ။ ကိုယ်ရည်သွေးတယ်ဖြစ်နေပါဦးမယ် လုပ်ပြန်ရောဗျ။ စာရေးကောင်းတုန်း ရေနွေးကြမ်းသောက်ချင်ရတာနဲ့၊ ဆေးလိပ်လေးဖွာရတာနဲ့ အဖော်လုပ်ပေးရပြန်တယ်။

ဒီစာက ပြီးပါဦးမလားဟလို့ ညည်းမိတော့ 'ကဲ ဒါဆိုလည်း တော်တော့ကွာ' တဲ့။ ပြီးရော။

**စေစားရာ**

## စက်မှုအလင်းဂျာနယ်
## Beacon of Industry Journal

**အကြံပေး**

**ဒေါ်ခင်မာရီ**

**စာတည်းမှူးချုပ်**

**ဦးကျော်လှိုင်**

**ဒုတိယစာတည်းမှူးချုပ်**

**ဦးနိုင်ဇော်ဝင်း**

**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**

**ဦးဟိန်းမင်းဇော**

**စာမျက်နှာအပြင်အဆင်**

**ဒေါ်ခင်သီတာမိုး**

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**

**ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး**

**ထုတ်ဝေသူ**

ဦးကျော်လှိုင်
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် -၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**

ဒေါ်မြင့်မြင့်တင်
မြသီဂီအော့ဖ်ဆက် (၁) (၀၀၂၆၅)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
**စောင်ရေ** ၄၈၂၀

**ဂျာနယ်တိုက်လိပ်စာ**

ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၃၄၀၅၀၅၇

ရန်ကုန်
ဖုန်း - ၀၉ - ၄၄၉၀၀၃၅၁၆
၀၉ - ၇၇၀၀၄၇၆၅၉

E-mail

beaconofindustry@gmail.com

**စာမျက်နှာ ၉ မှ-**

စင်ကြယ်သော ကြေးမုံပြင်ကဲ့သို့ ဟင်းလင်းပြင်တည်းသာ ဖြစ်လေသည်။ လူအပေါင်းတို့သည် နတ်ပြည်၊ ဗြဟ္မာပြည်တိုင်မက အဝီစိအထိအောင် တွေ့မြင်ကြလေသည်။

ဘုရားသခင်သည် ရောင်ခြည်တော်ခြောက်ဆိုင်ကို တစ်ပြိုင်တည်းထွက်ထွန်းစေလျက် ရွှေစိုင်ကဲ့သို့သော မကိုဋ်မှတော်မှရောင်လျှံတော်သည် ဘဝဂ်ခိုက်တောက်ပစေလျက် ပတ္တမြားစောင်းတန်းဖြင့် သက်တော်မူသည်။ ထိုအခါ ဗြဟ္မာမင်းကြီးတို့သည် ရွှေထီး၊ ငွေထီး၊ သန္တာထီးတို့ဖြင့် အသီးသီးမိုးကာလျက် ဗြဟ္မာပရိသတ်နှင့်တကွ လယ်ယာရွှေစောင်းတန်းမှ သက်ကုန်သည်။ သိကြားမင်းနှင့် နတ်မင်းကြီးတို့သည် ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်တို့ကို ကိုင်ကုန်လျက် အချို့ကားဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်လျက်၊ ပဉ္စသိခနတ်သားသည် ဗေလုဝမည်သော နတ်စောင်းကိုတီး၍ ပူဇော်လျက်၊ မာတလိနတ်သားသည် စာမရိသားမြီးယပ်ဖြင့်ခတ်လျက် နတ်ပရိသတ်နှင့်တကွ လက်ဝဲငွေစောင်းတန်းဖြင့် သက်လေသည်။ ယင်းသို့ ရှုဖွယ်မရဲ ထူးကဲလွန်မြတ်သော ဘုရားသခင်၏ အသရေတော်ကို လူအပေါင်းတို့ဖူးမြင်ရလျှင် ချီးမွမ်းအံ့ဩကုန်လျက် အုတ်အုတ်ကျက်မျှ ပူဇော်ကြလေသည်။

ဤသို့ ပူဇော်ကြလျက်ပင် ညချမ်းအခါသို့အရောက်ဝယ် လူအပေါင်းတို့သည် နံ့သာဆီမီး၊ မီးတိုင်တို့ဖြင့် ထွန်းညှိပူဇော်ကြပြန်သည်။ ဤသို့ဖြင့် သီတင်းကျွတ်လပြည့်နေ့သို့ရောက်တိုင်း နတ်ပြည်မှဆင်းသက်လာသော မြတ်စွာဘုရားအား ပူဇော်သောအားဖြင့် မီးထွန်းပွဲတော်ကို ယခုခေတ်တိုင်အောင် နှစ်စဉ် အမြတ်တနိုးကျင်းပကြခြင်းဖြစ်လေတော့သတည်း။

❑

## ပုံမှန်ဝင်ငွေရရှိနေသော ဝါးနှီးဖြာလုပ်ငန်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်စံပြကျေးရွာတွင် မိုးစပါးစိုက်ပျိုးချိန် နှီးဖြာသည့်လုပ်ငန်းနှင့် ဝါးယပ်တောင်လုပ်ငန်းတို့ကို အားထားလုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။

နှီးဖြာသည့်လုပ်ငန်းမှာ အိမ်ရှင်မများချက်ရင်းပြုတ်ရင်း ပုံမှန်ဝင်ငွေရရှိပြီး အိုးမကွာအိမ်မကွာလုပ်ကိုင်ရသော လုပ်ငန်းဖြစ်သည်။ ဝါးနှီးဖြာသည့်လုပ်ငန်းတွင် ဝါးခုတ်ရောင်းချသူ၊ ဝါးနှီးဖြာသူဟူ၍ အလုပ်ခွဲခြားလုပ်ကိုင်ကြရာ ဝါးခုတ်ရောင်းသူများက ဒေသအခေါ် သိုက်ဝါးတစ်တောင်အတိုင်းအတာရှိ ဝါးများအဖြစ် ဖြတ်ယူရောင်းချကြသည်။ တစ်တောင်အရွယ်အစားရှိ ဝါး ၃၅ လုံးပါရှိသည့် အိတ်တစ်အိတ်လျှင် ငွေကျပ် ၂,၀၀၀ ဖြင့်ဝယ်ယူပြီး နှီးဖြာကြရာတွင် ငွေကျပ် ၇,၅၀၀ ရရှိသည့်အတွက် အမြတ်ရကြသည်။

နှီးဖြာရာတွင် နှီးတစ်ရာပါသည့်အစည်းများပြုလုပ်ကာ နှီးငါးရာပါအစည်း၊ နှီးတစ်သောင်းပါ အစည်းကြီးများအဖြစ်ပြုလုပ်၍ ပျိုးနှီးတစ်သောင်းပါ အစည်းတစ်စည်းလျှင် ငွေကျပ် ၅,၀၀၀ ဖြင့်ရောင်းချကြရသည်။

ပျိုးနှီးများကို ပျိုးစည်းခြင်း၊ ပန်းစည်းခြင်းများတွင် အဓိကအသုံးပြုကြပြီး ရေကြည်ရွာအထိ ဖောက်သည်ယူသူများပြားလျက်ရှိကြောင်း၊ လက်ရှိကာလ မိုးစပါးစတင်စိုက်ပျိုးချိန် ရေကြည်ရွာတွင် ပျိုးနှီးများကို ပြုလုပ်ရောင်းချကာ ပုံမှန်ဝင်ငွေရရှိကြောင်း သိရသည်။

**သိန်းနွယ်ဦး**



## ပန်းတနော်သင်ဖြူးဖျာများ ဈေးကောင်းရရှိ

**ဝင်းမြင့်ဦး**

ပြည်တွင်းဖျာဈေးကွက်တွင် ပြည်ပမှတင်သွင်းသည့်ဖျာများထက် ရာသီဥတု၊ ကျန်းမာရေးနှင့်ညီညွတ်သည့် ပြည်တွင်းထွက်ပန်းတနော်



သင်ဖြူးဖျာများ သုံးစွဲသူများကြိုက်နှစ်သက်၍ ဈေးကောင်းရကြကြောင်း အဆိုပါဈေးကွက်မှသိရသည်။

ပန်းတနော်သင်ဖြူးဖျာဈေးနှုန်းမှာ ၃ ပေပတ်လည်ထိုင်ဖျာ ၃,၅၀၀ ကျပ်၊ တစ်ယောက်အိပ်ဖျာ ၉,၀၀၀ ကျပ်၊ နှစ်ယောက်အိပ်ဖျာ ၁၂,၀၀၀ ကျပ်၊ သံဃာစင်ဖျာ ၃,၀၀၀ ကျပ်စသည်ဖြင့် အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအမျိုးမျိုးရောင်းချလျက်ရှိသည်။

သင်ဖြူးဖျာပြုလုပ်သည့် သင်ပင်သည် မြေဩဇာမလိုအပ်သည့်အပြင် ရေလွှမ်းမိုးခြင်းခံရသည်တိုင်အောင် မပျက်စီးဘဲ သဘာဝမှလက်ဆောင်ရထားသည့်ထူးခြားသောအပင်ဖြစ်သည်။

ယင်းသင်ပင်များကို လေးနှစ်တစ်ကြိမ်ခုတ်ယူလေ့ရှိပြီး ယခုအခါ သင်ဖြူးဖျာများအဝယ်လိုက် ဈေးကောင်းရသည့်အတွက် သုံးနှစ်တစ်ကြိမ်ခုတ်ယူလျက်ရှိကြောင်းသိရသည်။ အချို့သင်ပင်များကို ငါးနှစ်အထိစိုက်ပျိုးထားပြီး သက်တမ်းလွန်သင်ပင်များဖြင့် ရက်လုပ်သည့်သင်ဖြူးဖျာများသည် ပိုမိုခိုင်ခံ့၍ သုံးနှစ်သားသင်ပင်ဖြင့်ရက်လုပ်သည့် သင်ဖြူးဖျာများမှာ ရေရှည်ခိုင်ခံ့မှုအားနည်းကြောင်း သိရသည်။

ပန်းတနော်သင်ဖြူးဖျာလုပ်ငန်းသည် ဒေသခံပြည်သူများ၏မိရိုးဖလာအိမ်တွင်းမှုလုပ်ငန်းတစ်ခုဖြစ်ပြီး တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်ရက်လုပ်နိုင်သည့် လုပ်ငန်းဖြစ်ကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

## စီးပွားဖြစ်ဖြုန်းအုတ်လုပ်ကိုင်သူများ အပိုဝင်ငွေရ

**လေးမောင်မောင်**

ညောင်ဦးခရိုင်၊ ငါးသရောက်မြို့နယ်ရှိ ကျေးရွာအချို့တွင် မိသားစုတစ်နိုင်တစ်ပိုင်ဖြုန်းအုတ်လုပ်ငန်းမှ အပိုဝင်ငွေရရှိနေကြသည်။

ဖြုန်းအုတ်လုပ်ရာတွင် အုတ်လုပ်သည့်ပုံစံခွက်၊ သဲကြမ်း၊ ဘိလပ်မြေတို့လိုအပ်ပြီး အချိုးအစားပုံမှန်ရောစပ်ကာ ဖြုန်းအုတ်ထုတ်လုပ်ကြောင်း၊ ထုတ်လုပ်ရာတွင်သဲကြမ်းပါက ပိုကောင်းကြောင်း၊ သဲများကို ကိုယ်ပိုင်လှည်းဖြင့် ချောင်းထဲတွင် သွားတိုက်ရ၍ ကုန်ကျစရိတ်သက်သာကြောင်း သိရသည်။

မိုးရာသီ၌ တစ်ရက်ဘိလပ်မြေငါးအိတ်ခန့်ကုန်ပြီး နွေရာသီ၌တစ်ရက် ၁၀ အိတ်၊ ၁၁ အိတ်ခန့် ဖြုန်းအုတ်လုပ်ကြကာ ဘိလပ်မြေတစ်အိတ်လျှင် ဖြုန်းအုတ်ခဲ ၁၀၅ ခဲရရှိပြီး ဖြုန်းအုတ်တစ်ချပ်လျှင် ငွေကျပ် ၇၀ ဖြင့်ရောင်းရကာ အိမ်အရောက်ပို့ပေးပါက ငွေကျပ် ၈၀ ခန့်ရရှိကြသည်။



ဖြုန်းအုတ်ကို ပုံစံတစ်မျိုးသာ လုပ်ကြပြီး အကျယ် ၄ လက်မ၊ အရှည် ၉ လက်မ၊ အထူ ၃ လက်မရှိကြောင်း၊ အဆိုပါကျေးရွာများတွင် ဖြုန်းအုတ်ပြုလုပ်ခြင်းဖြင့် မိသားစုဝင်ငွေ တွက်ခြေကိုက်ကြကြောင်း ဖြုန်းအုတ်လုပ်သည့် မိသားစုများထံမှ သိရသည်။

## ယခုနှစ်အတွင်းပြည်ပသို့ ပြောင်းတန်ချိန်တစ်သန်းခွဲကျော်တင်ပို့

**လေနီကြမ်း**

မြန်မာနိုင်ငံ၌ ယခုနှစ်အတွင်း ပြောင်းတန်ချိန်စုစုပေါင်း ၃. ၂၇ သန်းထွက်ရှိထားပြီး တန်ချိန် ၁. ၆၇ သန်းကို ပြည်ပနိုင်ငံများသို့တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။



ပြည်တွင်းမှထွက်ရှိသည့် ပြောင်းစုစုပေါင်း ၅၀ ရာခိုင်နှုန်းအား ပြည်ပနိုင်ငံများသို့တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့အဓိကတင်ပို့လျက်ရှိကြောင်း သိရသည်။ ယင်းသို့ ပို့ထားမှုရှိသော်လည်း ယခုနှစ်မှစပြီး ပြည်တွင်းလုပ်ငန်းရှင်များ၏ လိုအပ်ချက်အပေါ်အပြည့်အဝပံ့ပိုးပြီးမှသာ ပြည်ပသို့တင်ပို့မည်ဟု ဦးမင်းခိုင်ထံမှသိရသည်။

ထိုသို့တင်ပို့ရာတွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ အဓိကတင်ပို့လျက်ရှိရာ ယခုပြောင်းတစ်အိတ်လျှင် ယွမ် ၁၀၅ ယွမ်မှ ၁၀၆ ယွမ်အထိရရှိနေသည့်အတွက် တစ်အိတ်လျှင် ငွေကျပ် ၂၄,၀၀၀ နီးပါးဈေးနှုန်းရရှိထားသည်။

ပြောင်းသီးနှံကို မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် စိုက်ပျိုးကြကာ တစ်နိုင်ငံလုံးပြောင်းထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းမှာ ရှမ်းပြည်နယ်မှဖြစ်ကြောင်းသိရသည်။ ပြောင်းစိုက်ပျိုးရာတွင် တစ်ဧကကုန်ကျစရိတ်မှာ ငွေကျပ်သုံးသိန်းခွဲဝန်းကျင်ရှိပြီး တင်း ၁၀၀ ကျော်ထွက်ရှိပါက ငွေကျပ်ရှစ်သိန်းကျော်အထိ ဝင်ငွေရရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပြောင်းထွက်မှုအဆင့် ၇၀ တွင်ရှိကာ အာရှနိုင်ငံများအတွင်း ဒုတိယပြောင်းထွက်မှုအများဆုံးဖြစ်ကြောင်းသိရသည်။

❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ဒီနေ့နဲ့ မနက်ဖြန်

✍ မင်းညတာရာ

အခုတလော MRTV-4 မှာပြတဲ့ 'မိုးကောင်းကင်အိပ်မက်' ဆိုတဲ့ မြန်မာဇာတ်လမ်းတွဲကို လူတော်တော်များများသတိထားကြည့်မိကြမယ် ထင်ပါတယ်။ ဇာတ်လမ်းက နာမည်ကျော်အဆိုတော်တစ်ယောက်ဖြစ်ဖို့ အတွက် တောကြိုအုံကြားကနေ မြို့တက်ပြီး အခက်အခဲတွေကြားထဲကနေ ကြိုးစားရုန်းကန်ရတဲ့ ကောင်မလေးတစ်ယောက်အကြောင်းပါ။ သူ့မှာ မွေးကတည်းက အမိမဲ့အဖမဲ့မို့ သူတစ်ပါးနှိပ်စက်တာခံရ၊ ချောက်တွန်းတာခံရနဲ့ မဆုံးနိုင်တဲ့အခက်အခဲတွေကို ဇာတ်လမ်းဆင်ပြထားပါတယ်။ ဇာတ်လမ်းကတော့ မြန်မာပရိသတ်အကြိုက် ဇာတ်လမ်းစစ်စစ်ပါပဲ။ စိတ်ထားယုတ်ညံ့သေးသိမ်တဲ့ မိန်းမတွေက စိတ်ထားကောင်းမွန်တဲ့ ကောင်မလေးကို ဒုက္ခတွေတစ်မျိုးပြီး တစ်မျိုးလိုက်ပေးတဲ့ စင်ဒရဲလားဇာတ်လမ်းမျိုးပါ။ တစ်နည်းအားဖြင့် ဓမ္မနှင့်အဓမ္မ၊ အမှန်နှင့်အမှား ယှဉ်ပြိုင်ရာမှာ ဘယ်သူကအနိုင်ရမလဲဆိုတာ စောင့်ကြည့်ရတဲ့ဇာတ်လမ်းမျိုးပါ။ ဒီဇာတ်လမ်းမှာတော့ နောက်ဆုံးဓမ္မက အောင်နိုင်သွားပါတယ်။ ဒါကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ အမှန်တရားပါပဲ။ လူ့လောကတစ်ခွင်မှာ ဓမ္မကသာ ကြီးစိုးအောင်နိုင်သင့်တယ်မဟုတ်လား။

ဇာတ်လမ်းက အရင်ဇာတ်လမ်းတွဲတွေလို သိပ်ပြီးပျင်းရိငြီးငွေ့စရာမကောင်းဘဲ စိုစိုပြည်ပြည်နဲ့သွက်သွက်လက်လက်ရှိပါတယ်။ အချစ်၊ ဘဝ၊ အလွမ်း၊ အောင်မြင်ကျော်ကြားမှု၊ မနာလိုမုန်းတီးမှု၊ အိပ်မက်၊ မျှော်လင့်ချက် စတာတွေကြားထဲကနေ ရယ်စရာ မောစရာဟာသလေးတွေ ဖောက်ထည့်ထားတော့ ဇာတ်ကသွက်လက်ပြီး ပျော်ရွှင်စရာကောင်းပါတယ်။ သရုပ်ဆောင်တွေကျတော့လည်း MRTV-4 က သရုပ်ဆောင်အသစ်တွေသာမက ဝါရင့်သရုပ်ဆောင်တွေပါ မြိုင်မြိုင်ဆိုင်ဆိုင်အားဖြည့်သရုပ်ဆောင်ထားကြတာမို့ကြည့်ရှုသူမြန်မာပရိသတ်တွေကို ဖမ်းစားထားတာလည်း တွေ့ရပါတယ်။ ဒီဇာတ်လမ်းတွဲကိုကြည့်ရှုကြတဲ့ မြန်မာပရိသတ်အရေအတွက်ဟာ အရင်ဇာတ်လမ်းတွဲတွေကို ကြည့်ကြတဲ့ အရေအတွက်ထက် များမယ်လို့ ကျွန်တော်ထင်ပါတယ်။



ကျွန်တော်အဓိကပြောချင်တာက ဇာတ်လမ်းအကြောင်းမဟုတ်ဘဲ ဇာတ်လမ်းတွဲမှာပါတဲ့ သီချင်းအကြောင်းပါ။ သီချင်းကိုစနားထောင်လိုက်ကတည်းက ကျွန်တော့်နားထဲမှာစွဲသွားပါတယ်။ သီချင်းစာသားတွေက ကျွန်တော့်စိတ်နှလုံးကို ထိခိုက်စေတဲ့အပြင် အတွေးတွေကိုလည်း ပွားစေပါတယ်။ သီချင်းအဓိပ္ပာယ်က အင်မတန်လေးနက်လှပသလို သတိတရားကိုလည်း ရစေတာအမှန်ပါပဲ။ သံစဉ်ကိုနားမှာကြားယောင်ပြီး ပါးစပ်ကညည်းဆိုလိုက်တယ်ဆိုရင်ပဲ သီချင်းထဲမှာပါတဲ့ စာသားစကားလုံးတွေကိုတစ်လုံးချင်းစီ ဖြည်းဖြည်းရွတ်ဆိုနေရင်းက လူ့ဘဝဆိုတာကြီးကိုလည်း ရှုမြင်သုံးသပ်ဆင်ခြင် စဉ်းစားမိစေပါတယ်။ သီချင်းစာသားတွေဟာ ရိုးရိုးလေးနဲ့လှတယ်။ အဓိပ္ပာယ်ပြည့်ဝစွာပါဝင်တယ်။ ပြောရရင် မမြဲတဲ့လောကခံအကြောင်း တရားတစ်ပုဒ်နားထောင်ရင်တောင် အဲဒီလောက်အသိတရားရမယ်မထင်ဘူး။ ဟောအခုတော့ အင်မတန်သိမ်မွေ့ပြင်းထန်တဲ့ အနုပညာတစ်ရပ်အနေနဲ့ ဖန်ဆင်းတင်ဆက်ထားတော့ နှလုံးသားကိုသာမက ဦးနှောက်ကိုပါ အလုပ်လုပ်စေပါတယ်။ အဲဒီအနုပညာမျိုးဟာ ချီးကျူးစရာလည်းကောင်း သလို စိတ်ဝင်စားစရာလည်းကောင်းပါတယ်။ တေးရေးက MRTV-4 က ဇာတ်လမ်းတွဲတော်တော်များများမှာ သီချင်းရေးပေးခဲ့တဲ့ ဆရာမြင့်မိုးအောင်ဖြစ်ပြီး သီချင်းနာမည်က ***'ဒီနေ့နဲ့ မနက်ဖြန်'*** တဲ့။

***အောင်မြင်မှုလမ်းမများ. . . လျှောက်ခဲ့တဲ့အချိန်မှာ. . . ဂုဏ်ယူစရာလက်ခုပ်သံများက. . . နာကျင်စွာရှုံးနိမ့်ရင်း လဲကျသွားတဲ့အခိုက်မှာ လှောင်ရယ်သံများက . . . ကြားနေရ မနေ့ကပဲ. . . မိုးပေါ်ရောက်သလို ချန်ခဲ့တယ် အခုတော့လည်း. . . အဆုံးမဲ့ချောက်နက်ထဲ ဘယ်သူကယ်မှာလဲ . . . ဒီနေ့နဲ့မနက်ဖြန်. . . ဘာဆက်ဖြစ်မှာလဲ. . . မနေ့ကပျော်ပွဲ ဒီနေ့ကျတော့ငရဲ. . . အရာရာပြောင်းလဲ. . . အရင်တုန်းက ရွှေချည်း. . . မြေကြီးထဲရောက်နေပြီ. . . လောကသဘာဝ ရှောင်လွှဲမရပါလား. . . မမြင်နိုင်တဲ့လောကခံ. . . ဒီနေ့နဲ့ မနက်ဖြန်. . .။***

သီချင်းဆုံးသွားပေမယ့် အတွေးတွေကမဆုံးသေးဘူး။ လောကဓမ္မတာတရားကို မီးမောင်းထိုးပြလိုက်သလို လက်ခနဲတောက်ပသွားပြီး သတိသံဝေဂတရားကို ဖြစ်စေပါတယ်။ သီချင်းကို ကဗျာတစ်ပုဒ်ဖတ်ရသလိုဖတ်ပြီး ခံစားလို့လည်းရပါတယ်။ ကျွန်တော့်စိတ်မှာစွဲနေတာက ကျွန်တော့်ကိုယ်ကျွန်တော် မေးမိနေတာက 'ဒီနေ့နဲ့ မနက်ဖြန်၊ ဘာဆက်ဖြစ်မှာလဲ' ဆိုတာပါပဲ။

ဒီနေ့. . .။ ဒီနေ့ဆိုတာ ကျွန်တော်တို့လက်တွေ့လက်ငင်းရင်ဆိုင်ရမယ့်အခြေအနေ။ ဘာတွေဘယ်လိုပဲဖြစ်ဖြစ် ရှောင်လွှဲကျော်လွှားသွားလို့ရမှာမဟုတ်ဘူး။ ဒီတော့ ကိုယ့်စိတ်ကို အကောင်းဆုံးဆောက်တည်ပြီးတော့ အကောင်းပဲလာလာ၊ အဆိုးပဲလာလာ တည်တည်ငြိမ်ငြိမ်လက်ခံပြီး ရင်ဆိုင်ဖြေရှင်းရမှာပဲ။ ဒါဘယ်သူမှငြင်းလို့မရတဲ့ လောကခံကထမ်းတင်ပေးခဲ့တဲ့တာဝန်။

မနက်ဖြန် . . .။ ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်တို့တွေကြိုမသိနိုင်ကြဘူး။ ဒါပေမဲ့ မနက်ဖြန်ဆိုတာ ကျွန်တော်တို့အမြဲတမ်းမျှော်လင့်နေတဲ့၊ မျှော်လင့်ရမယ့်အရာပါ။ ကျွန်တော်တို့စိတ်ကူးထဲမှာ ကျွန်တော်တို့ဖြစ်ချင်တဲ့အရာတွေကို ကြိုတင်စဉ်းစားစိတ်ကူးယဉ်လို့လည်း ရတယ်လေ။ သို့ပေမယ့် ကျွန်တော်တို့တွေ များများစားစား မျှော်လင့်ချက်မထားတတ်ရင် ကောင်းမယ်ထင်ပါတယ်။ မနက်ဖြန်ဆိုတာ ဘယ်တော့မှ မသေချာတတ်ဘူးလေ။

ရေးတဲ့သူနဲ့စာပေတိုက်ကိုတော့ ကျွန်တော် မမှတ်မိတော့ပါဘူး။ 'မြန်မာပြည်ကရေးတဲ့စာ' ဆိုတဲ့ စာအုပ်ထဲမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က 'နောက်ပြန်ကြည့်ရင်း ရှေ့မျှော်ကြည့်ရင်း' အမည်နဲ့ဆောင်းပါးတစ်ပုဒ်ရေးခဲ့ပြီး သူမနှစ်သက်တဲ့ကဗျာလေးတစ်ပုဒ်ကိုဖော်ပြထားပါတယ်။

သည့်အတွက် ကျွန်တော်တို့တွေ ဘယ်လိုစိတ်အနေအထားမျိုးနဲ့ ရှင်သန်ရပ်တည်သွားမလဲဆိုတာကတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုက်နှစ်သက်တယ်ဆိုတဲ့ ကဗျာလေးကိုဖတ်ကြည့်ရင် အသိဉာဏ်တစ်ချက် ပွင့်လင်းသွားနိုင်ကောင်းပါရဲ့။

***မနေ့ကဆိုတာ***
***အိပ်မက်မျှသာ***
***မနက်ဖြန်ဆိုတာ***
***စိတ်ထဲက ပုံရိပ်အလား။***
***ဒါပေမဲ့ ဒီနေ့ကိုသာ***
***ကောင်းကောင်းနေသွား***
***မနေ့ကတိုင်း***
***ကြည်နူးစရာ***
***အိပ်မက်ဖြစ်သလို***
***မနက်ဖြန်တိုင်း***
***မျှော်လင့်ချက်ပြည့်တဲ့***
***ပုံရိပ်ဖြစ်မယ်***
***ဒီနေ့ကိုသာ***
***ကောင်းကောင်းကြည့်နေသွား။***

❑

**'ဒီနေ့. . .။ ဒီနေ့ဆိုတာ ကျွန်တော်တို့လက်တွေ့လက်ငင်းရင်ဆိုင်ရမယ့်အခြေအနေ။ ဘာတွေဘယ်လိုပဲဖြစ်ဖြစ် ရှောင်လွှဲကျော်လွှားသွားလို့ရမှာမဟုတ်ဘူး။ ဒီတော့ ကိုယ့်စိတ်ကိုအကောင်းဆုံးဆောက်တည်ပြီးတော့ အကောင်းပဲလာလာ၊ အဆိုးပဲလာလာ တည်တည်ငြိမ်ငြိမ်လက်ခံပြီး ရင်ဆိုင်ဖြေရှင်းရမှာပဲ။ ဒါဘယ်သူမှငြင်းလို့မရတဲ့ လောကခံကထမ်းတင်ပေးခဲ့တဲ့တာဝန်။'**

## နိုင်ငံတကာအထိ ထိုးဖောက်ရန် ပင်းတယလက်ဖက်ခြောက်တောင်သူများ ကြိုးပမ်းနေ

အာဆီယံအိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ သီရိလင်္ကာ၊ ဗီယက်နမ်စသည့်နိုင်ငံများတွင် လက်ဖက်ခြောက်ထုတ်လုပ်မှု မြင့်မားလာခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းလက်ဖက်ခြောက်ကို အရည်အသွေးမြင့်မားစွာ ထုတ်လုပ်နိုင်မှသာလျှင် နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်မည်ဖြစ်ကြောင်း၊ လက်ဖက်ခြောက်ထုတ်လုပ်ခြင်းနှင့် လက်ဖက်စိုက်ပျိုးရေးနည်းစနစ်များ ပညာပေးဖြန့်ဝေနေသည့် GIZ ထံမှ သိရသည်။

ထုတ်လုပ်သည့်လုပ်ငန်းငယ်များလည်း များစွာထွက်ပေါ်လာကြောင်း ကြားသိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ လက်ဖက်ရွက်အစိမ်းမှာ တန်ချိန် ၄ သိန်းနီးပါး ထွက်ရှိနေသော်လည်း အမှန်တကယ် အဆင့်မြင့်နည်းပညာများဖြင့် လက်ဖက်ခြောက်ထုတ်လုပ်နိုင်မှုမှာ နည်းပါးနေသေးကြောင်း မြန်မာနိုင်ငံ လက်ဖက်လုပ်ငန်းရှင်အသင်းမှ သိရသည်။

'ကျွန်တော်တို့ဆီကနေ အလွတ်မှာယူသူတွေ ပိုများတယ်။ လက်ဖက်ခြောက်က သဘာဝနည်းစနစ်နဲ့ထုတ်တာဖြစ်ပြီး တရုတ်ကနေ ပြန်ဝင်လာတဲ့လက်ဖက်ခြောက်က ပုံစံကွေးကွေးလေးတွေနဲ့ အရောင်ကလည်းလှတော့ ပြန်လည်ထုပ်ပိုးပြီးရောင်းတာလည်းရှိတယ်။ သူတို့လက်ထဲမှာ လက်ဖက်ခြောက်တစ်ပိဿာဟာ ငွေကျပ် ၂၀,၀၀၀ နဲ့အထက်မှာရှိပါတယ်။ ထုပ်ပိုးမှုအတွက်ရော၊ လက်ရှိထုတ်လုပ်တဲ့စနစ်မှာရော ကျွန်တော်တို့ဆီမှာ လျှပ်စစ်မီးမရရှိတဲ့အတွက် ဝယ်ယူတပ်ဆင်ထုတ်လုပ်နိုင်ဖို့လည်း အခက်အခဲတွေအများကြီးရှိတယ်' ဟု တစ်ပိုင်တစ်နိုင်လက်ဖက်ခြောက်လုပ်ငန်းလုပ်ကိုင်သည့် ဦးဘစီက ပြောသည်။

ပင်းတယမြို့နယ်မှ လက်ဖက်စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို နိုင်ငံခြားသားများ မကြာခဏ လာရောက်လေ့လာကြည့်ရှုတတ်ပြီး အကြံဉာဏ်များပေးခြင်း၊ လက်တွေ့ဝင်ရောက် လုပ်ကိုင်ကြည့်ခြင်းများလည်း ပြုလုပ်ကြကြောင်း ဆီးကျအင်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ လက်ဖက်စိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးလုပ်ငန်းများသည် ဒေသခံလက်ဖက်တောင်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းဖြစ်ခြင်းကြောင့် ထုတ်လုပ်မှုနည်းစနစ်နှင့် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် လျှပ်စစ်ဓာတ်အားကို ရရှိနိုင်ပါက ယခုထက် ပိုမိုလုပ်ကိုင်နိုင်မည်ဟုလည်း ၎င်းကပြောသည်။

**ခင်ရတနာ (မြန်မာ့အလင်း)**



ရှမ်းပြည်နယ်တောင်ပိုင်းတွင် လက်ဖက်စက်ရုံကြီး ၆ ရုံရှိပြီး တစ်နိုင်တစ်ပိုင်အခြောက်ခံစက်များဖြင့်

## မြန်မာ - ဗြိတိန်ကုန်သွယ်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှင့် ဗြိတိန်ကုန်သည်ကြီးများအသင်းချုပ်တို့ပူးပေါင်း၍ နှစ်နိုင်ငံကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၂၅ ရက်နေ့၊ မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့် ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်မင်းက အဖွင့်အမှာစကားပြောပြီး ဗြိတိန်ကုန်သည်ကြီးများအသင်းအမှုဆောင် Mr. Dougls Barnes က သွင်းကုန်/ပို့ကုန်လုပ်ငန်းများနှင့် ဓာတုကင်းလွတ်စားသောက်ကုန်များ၊ ရေထွက်ပစ္စည်းများတင်ပို့ရေး ဗြိတိန်ကုန်သည်ကြီးများအသင်း၏ ဆောင်ရွက်ချက်များအားရှင်းလင်းတင်ပြသည်။ ထို့နောက် ဗြိတိန်ကုန်သည်ကြီးများအသင်းနှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များသည် စွမ်းအင်ကဏ္ဍဆက်သွယ်ရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ ဘဏ္ဍာရေးနှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍများ ဆွေးနွေးကြသည်။

**မောင်ပြည်သူ(မန္တလေး)**




## လမ်းများအပေါ် အကြောင်းမဲ့အချိန်ကြာမြင့်စွာရပ်ထားသည့် တွဲကားများ ဆွဲယာဉ်ဖြင့် ဆွဲယူဒဏ်တပ်အရေးယူ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် အကြောင်းမဲ့အချိန်ကြာမြင့်စွာရပ်တန့်ထားသော တွဲကားများကို သော့ခတ်ဆွဲယူဖယ်ရှားအရေးယူခြင်းကို စက်တင်ဘာလ ၁၇ ရက်နေ့မှ ၂၀ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ စည်းကမ်းမဲ့တွဲကား ၄၈ စီး အရေးယူခဲ့ကြောင်း အခွန်ဌာနမှသိရသည်။

မြို့တော်စည်ပင်အခွန်ဌာနမှ ကြီးကြပ်လျက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ စည်ပင်သာယာရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် လမ်းများပေါ်တွင် အချိန်ကြာမြင့်စွာရပ်ထားသည့် တွဲကားများ၊ နောက်တွဲယာဉ်များအား လမ်းများယာဉ်ကြောကျပ်တည်းမှုမရှိစေရေး ရှင်းလင်းဖယ်ရှားခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူဆိုင်ရာ လမ်းနယ်နိမိတ်များပေါ်တွင် သတ်မှတ်ထားသည့်နေရာမှအပ ယာဉ်များအကြောင်းမဲ့ အချိန်ကြာမြင့်စွာရပ်တန့်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ရပ်တန့်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ ယာဉ်ပြုပြင်ခြင်း၊ ယာဉ်ထားရှိခြင်းတို့ကြောင့် ပြည်သူများစိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ ဖြစ်ပေါ်စေသည့်အတွက် စီမံချက်ဖြင့်အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့သည်။

လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ယာဉ်ကိုဆွဲယူဖယ်ရှားကာ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ ဒဏ်တပ်အရေးယူပြီး ယာဉ်ဆွဲယူရွှေ့ပြောင်းစရိတ်ငွေကျပ် တစ်သိန်းပေးဆောင်ရမည်ဖြစ်ပြီး ၂၄ နာရီအတွင်း လာရောက်ယူဆောင်ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေးတစ်ရက် ကျပ်တစ်သောင်း ထပ်မံပေးဆောင်ရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**မောင်ပြည်သူ**



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## စီးပွားရေးလုပ်ငန်းများ၌ အဂတိလိုက်စားမှု ကင်းစင်စေရေးUMFCCI နှင့် ACC တို့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

ဝင်းမြင့်ဦး

ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများ၌ အဂတိလိုက်စားမှု ကင်းစင်စေရေး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ( UMFCCI ) နှင့်အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် (ACC) တို့ကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်ရန် ဇူလိုင်လက လက်မှတ်ရေးထိုးခဲ့ကြပြီး အဓိကလုပ်ငန်းစဉ် ငါးရပ်ကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ရင်းနှီးမြှုပ်နှံမည့်နိုင်ငံ၏ အဂတိလိုက်စားမှုကင်းစင်ရေး ဆောင်ရွက်မှုအခြေအနေကို ပါ ကြည့်ရှုသဖြင့် စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှုလျော့နည်းကင်းစင်ပါက နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလည်း တိုးတက်လာမည်ဖြစ်သည်။

အဂတိလိုက်စားမှုများ လျော့နည်း ကင်းစင်ရေး UMFCCI နှင့် ACC တို့သည် သတင်းအချက်အလက်များ မျှဝေရေးနှင့် အကောင်းဆုံး နည်းလမ်းများသာမက ဥပဒေ ပြဋ္ဌာန်းချက်များကိုပါ လေ့လာ၍ ပူးပေါင်းအဆင့်မြှင့်တင်နိုင်မည့် အလားအလာသစ်များ ဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း သိရသည်။

## လမ်းပန်းဆက်သွယ်ရေးခက်ပြီး ဈေးနှုန်းများကျဆင်းနေ၍ ခရမ်းချဉ်သီးစိုက်ပျိုးတောင်သူများ အဆင်မပြေ

ပြည်တွင်း ခရမ်းချဉ်သီးဈေးကွက်တွင် ခရမ်းချဉ်သီးဈေးနှုန်းများကျဆင်းပြီး လမ်းပန်းဆက်သွယ်ရေးပါခက်ခဲမှုကြောင့် တောင်သူများခရမ်းချဉ်သီးခူးဆွတ်ခြင်းမပြုတော့ဘဲ အခင်းပြတ်စွန့်ပစ်နေရကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများထံမှ သတင်းပေးမှုအရသိရသည်။



ယင်းနှင့်ပတ်သက်ပြီး ခရမ်းချဉ်စိုက်တောင်သူဦးစိန်ဝင်း၏ပြောကြားချက်အရ လက်ရှိခရမ်းချဉ်သီးတစ်ပိဿာလျှင် ငွေကျပ် ၇၀ သာရှိတော့၍ အဆင်မပြေတော့ကြောင်း၊ ဈေးကွက်ရောက်ရန်မှာလည်း ခရီးစရိတ်ကြီးမြင့်နေကြောင်း၊ အချို့မခူးဆွတ်ကြသည့်အပြင် အခင်းသို့ပင် သွားမကြည့်ကြတော့ကြောင်းသိရသည်။


မန္တလေးဈေးကွက်တွင် ခရမ်းချဉ်သီးတစ်ပိဿာငွေကျပ် ၇၀ မှ ၁၄၀ ခန့်သာရှိပြီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးမှငွေကျပ် ၃,၀၀၀ ခန့်ရှိနေသော်လည်း ဒိုင်များကဝယ်ယူမှုနည်းပါးကြောင်းသိရသည်။

ခရမ်းချဉ်သီးဈေးကျဆင်းနေရခြင်းသည် ခရမ်းချဉ်သီးအထွက်များသော်လည်း အထွေထွေကုန်ကျစရိတ်များနေသည့်အတွက် ယခင်ဈေးမပေးတော့သည့်အပြင် ဈေးကိုလျှော့ဝယ်နေခြင်းဖြစ်ကြောင်း မိတ္ထီလာမြို့နယ်နေတောင်သူတစ်ဦးက ပြောသည်။

ပန်းချမ်းငယ်

## ဝဥများကို ယခင်နှစ်များထက် ဈေးကောင်းရရန်မျှော်မှန်း

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံဒေသ တောင်သူများသည် ယခုမိုးရာသီကာလတွင် ဝဥများကို စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးနေကြသည်။ ယခင်နှစ်က ကျိုက်ဒုံဒေသထွက် ဝဥများသည် ဒေသအတွင်း၌ တစ်ပိဿာလျှင် ၉၀၀ ကျပ်ရရှိရာ မိသားစုအပိုဝင်ငွေရရှိပြီး အကျိုးအမြတ်ရှိခဲ့ကြသည်။



ဝဥစိုက်ပျိုးပါက စိုက်တန်းအကွာအဝေး ၄ ပေ၊ စိုက်ကျင်းအကွာအဝေး ၂ ပေ၊ ပန္နက်ရိုက်ထားသောနေရာများတွင် ၆ လက်မအကျယ်၊ ၆ လက်မအနက်ကျင်းတူး၍ သဘာဝမြေဆွေးနှင့် အပေါ်ယံမြေသမအောင်ရောထည့်ပြီး အပေါ်ယံ ၂ လက်မမှ ၃ လက်မခန့်တွင် ဝဥကိုမြေဖုံးဖိရုံ ဖုံး၍စိုက်ပျိုးရသည်။ မြေချစိုက်ပျိုးခြင်းကို မိုးရာသီမေလတွင် စတင်စိုက်ပျိုးနိုင်ကြောင်း စိုက်ပျိုးတောင်သူများထံမှ သိရသည်။

ဝဥတူးဖော်ရိတ်သိမ်းခြင်းအား မိုးကုန်ဆောင်းဦးရာသီ နိုဝင်ဘာလနှင့်ဒီဇင်ဘာလများတွင် မြေပေါ်ပင်ပိုင်းညှိုးခြောက်သွားချိန်၌ တူးဖော်ကြပြီး ယခင်နှစ်ကထက် ဈေးကောင်းရရှိရန်မျှော်မှန်းထားကြောင်း သိရသည်။

ပန်းချမ်းငယ်

## ဂျပန်-မြန်မာ ပူးပေါင်းမှုဖြင့် နလုံး၊ ဦးနှောက်နှင့် အာရုံကြော အထူးကုဆေးရုံ တည်ဆောက်မည်

ဂျပန်နိုင်ငံအစိုးရနှင့် မြန်မာအစိုးရတို့ပူးပေါင်းမှုဖြင့် ခုတင် ၃၀၀ ဆံ့ နလုံး၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီးကို ဆောက်လုပ်ရန်စီစဉ်ထားရှိကြောင်း သိရသည်။

တည်ဆောက်မည့် အဆောက်အအုံအကျယ်အဝန်းမှာ စတုရန်းမီတာ ၂၇,၀၀၀ ခန့်ရှိပြီး ခုနှစ်ထပ်ဖြစ်ကြောင်းသိရကာ ငွေကြေးဆိုင်ရာပူးပေါင်းမှုအရ မြန်မာမှငွေကျပ် ၄ ဘီလီယံကျော်နှင့် ဂျပန်နိုင်ငံမှ ယန်း ၈.၆၁၁ သန်းထည့်ဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံကြီးကို ပြည်လမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့် မြေကွက်လပ်တွင် ဆောက်လုပ်မည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက ကုသရေး သုတေသနလုပ်ငန်းများနှင့် လူနာများအား နလုံး၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ကုသမှုများ ပိုမိုကောင်းမွန်လာနိုင်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂျပန်နိုင်ငံသည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး (ဂျပန်ဆေးရုံ) ဆောက်လုပ်ရာတွင် ထောက်ပံ့ခဲ့ပြီး ယခုနလုံး၊ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ကုသမှုအထူးကု ဆေးရုံ ဆောက်လုပ်ရန် ထပ်မံ ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။

နေသခင်

## ဘားအံစက်မှုဇုန်တွင် တရုတ်၊ ဂျပန်နှင့် ဟောင်ကောင် ကုမ္ပဏီတို့ ရင်းနှီးမြှုပ်နှံရန်လေ့လာ

ပန်းချမ်းငယ်

ဘားအံစက်မှုဇုန်၌ ရင်းနှီးမြှုပ်နှံရန် တရုတ်၊ ဂျပန်နှင့်ဟောင်ကောင် အခြေစိုက် အထည်ချုပ်ကုမ္ပဏီတစ်ခုက ဩဂုတ်လအတွင်း လာရောက်လေ့လာသွားကြောင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

ဟောင်ကောင်အခြေစိုက်ကုမ္ပဏီသည် မဲဆောက်စက်မှုဇုန်တွင်လည်း အထည်ချုပ်စက်ရုံ လုပ်ကိုင်နေပြီး လုပ်ငန်းတိုးချဲ့လို၍ ဘားအံစက်မှုဇုန်သို့ ဩဂုတ်လ ၂၉ ရက်နေ့က လာရောက်လေ့လာခြင်းဖြစ်သည်။ အလားတူ ရင်းနှီးမြှုပ်နှံလိုသည့် တရုတ်ကုမ္ပဏီမှ ဖိုက်ဘာဘုတ်များထုတ်လုပ်မည်ဖြစ်ပြီး ဂျပန်ကုမ္ပဏီမှာ မော်တော်ကားအပိုပစ္စည်းစက်ရုံအတွက် လေ့လာခြင်းဖြစ်ကြောင်းသိရသည်။

ဘားအံစက်မှုဇုန်အနေအထားမှာ ရေကြီးရေလျှံဖြစ်စဉ်ထဲတွင် ရေဖုံးလွှမ်းခံဇရိယာအတွင်း မပါဝင်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက်လိုအပ်သည့် ရေ၊ မီးလုံလောက်မှုရှိစေရန် ဖြည့်တင်းထားပြီးဖြစ်ကြောင်း ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး ဦးနိုင်ဝင်းတိုးက ပြောသည်။

ဧပြီလဆန်းပိုင်းမှ ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သည့်အခြေအနေမှာ နိုင်ငံခြားမှ အသေးစားမော်တော်ယာဉ် ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုရှိခဲ့ကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ ဘားအံမြို့ရှိ ဇွဲကပင်သဘာဝဟိုတယ်၊ ကမ်းနားလမ်းဟိုတယ်လုပ်ငန်းနှစ်ခုရှိကြောင်း၊ ယင်းအပြင် မြဝတီမြို့ လေ့ကော်ကိုးဒေသ၌ ဒီဇယ်ဆီစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းတစ်ခု ဝင်ရောက်ကြောင်း အဆိုပါလုပ်ငန်းလေးခု၏ ရင်းနှီးမြှုပ်နှံမှုမှာ ငွေကျပ်သန်းပေါင်း ၁၈,၀၀၀ နီးပါးဖြစ်ကြောင်း သိရသည်။ ❑

# မူးယစ်ဆေးစွဲခြင်းအန္တရာယ်

ယနေ့လူငယ်တွေ စိတ်ကြွဆေး ( WY ) စွဲနေကြတာ စိတ်မကောင်းဖွယ်တွေ့ရတယ်။ နောင်တစ်ခေတ်ခေါင်းဆောင်လူငယ်များက 'ပိုးဖလံမျိုး မီးကိုတိုး' နေကြတယ်။ ဆေးစွဲလူငယ်ဆေးဖြတ်စခန်းပို့ ကုသရမယ်။

ဆေးစွဲခြင်းဆိုတာ ဆေးတစ်မျိုးမျိုးကိုပြတ်တောင်းပြတ်တောင်းဖြစ်စေ၊ ဆက်တိုက်ဖြစ်စေ၊ သောက်သုံးမှီဝဲရာမှ ယင်းဆေးကိုခန္ဓာကိုယ်အားဖြင့်လည်းကောင်း၊ စိတ်ဓာတ်အားဖြင့်လည်းကောင်း၊ နှစ်မျိုးလုံးကိုလည်းကောင်း မှီခိုတွယ်တာမှုရှိနေတဲ့ အခြေအနေပဲဖြစ်တယ်။

***စွဲတတ်တဲ့ဆေးဖြစ်စေတတ်တဲ့ဆေးဝါးတွေမှာ*** မူးယစ်ဆေးဝါးများ၊ စိတ်ကျဆေး၊ စိတ်ကြွဆေး၊ စိတ်ငြိမ်ဆေး၊ အာရုံပြောင်းဆေးနဲ့ အိပ်ဆေးများပါဝင်တယ်။

မူးယစ်ဆေးဝါးမှာ ဘိန်းပင်၊ ဆေးခြောက်ပင်၊ ကိုကင်းပင်တို့မှထုတ်လုပ်တဲ့အရာဝတ္ထုတွေ၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတဲ့အခြားပြင်ဆင်ပြုလုပ်ထားတဲ့ ဆေးဝါးတွေပါဝင်တယ်။ အခြားစွဲစေတဲ့ဓာတ်ပစ္စည်းတွေက အရက်အမျိုးမျိုး၊ ထန်းရည်၊ အကိုက်အခဲပျောက်ဆေး၊ ဆေးလိပ်၊ ဆေးငုံခြင်းဖြစ်တယ်။


***မူးယစ်ဆေးဝါးဥပဒေအရ*** မူးယစ်ထုံထိုင်းဘေးဖြစ်စေတဲ့ဆေးဝါးတွေက ကိုကင်း၊ ဆေးခြောက်၊ ဘိန်းစိမ်း၊ မော်ဖင်း၊ ကိုဒင်း၊ ပက်သဒင်း၊ မီသာဒုန်း၊ ဘိန်းဖြူ အယ်အက်စ်ဒီတို့ အသုံးများပြီး ထင်ရှားပါတယ်။

***ဆေးစွဲခြင်းလက္ခဏာများမှာ*** စိတ်အားဖြင့်စွဲခြင်းမှ တဒင်္ဂစိတ်ရွှင်လန်းသာယာမှု၊ သက်တောင့်သက်သာရှိမှု စတဲ့အကျိုးကျေးဇူးတွေကို တောင့်တပြီး ဆေးမစားရမနေနိုင်ခြင်းဖြစ်တယ်။ ကိုယ်ခန္ဓာအနေနဲ့ဆေးစွဲခြင်းမှာ မှီဝဲတဲ့ဆေးကိုဖြတ်လိုက်တာနဲ့ခန္ဓာကိုယ်မှာမအီမသာဖြစ်ပြီး အမျိုးမျိုးရောဂါလက္ခဏာတွေပေါ်လာခြင်းဖြစ်တယ်။

***ဆေးစွဲလာတဲ့အခါ တူညီတဲ့အကျိုးအာနိသင်*** ခံစားရစေဖို့ မှီဝဲရမယ့်ဆေးဝါးဟာ ပိုမိုလိုအပ်လာတယ်။ အိပ်ဆေးသောက်သူဟာ အိပ်ပျော်စေဖို့ တစ်ကြိမ်ထက်တစ်ကြိမ်၊ ဆေးအရေအတွက် ပိုမိုသောက်ရခြင်း၊ ဆေးစွဲရင် ကျန်းမာရေးချို့တဲ့လာခြင်း၊ အိပ်မပျော်ခြင်း၊ လူမှုရေးအရပြဿနာရှိခြင်း၊ ပတ်ဝန်းကျင်ပါထိခိုက်လာခြင်း၊ ရာဇဝတ်မှုကျူးလွန်ခြင်းတို့ဖြစ်တတ်တယ်။

***ဘိန်းနဲ့ဘိန်းအနွယ်ဝင်ဆေးတွေစွဲရင်*** မူးယစ်ဆေးဝါးကျေးကျွန်တွေဖြစ်ကာ လူညွန့်တုံးကုန်တယ်။ သုံးခါစမှာ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲမှုမှန်သမျှပျောက်ခြင်း၊ စိတ်ပျော်ရွှင်စိတ်ကူးယဉ်ကောင်းခြင်း၊ အိပ်မက်မက်သလို ပတ်ဝန်းကျင်နဲ့ထိတွေ့မှုကင်းကွာလာခြင်း၊ တစ်နေရာတည်း အာရုံစိုက်မရခြင်း၊ အစာစားလိုစိတ်မရှိခြင်းတို့ဖြစ်လေ့ရှိတယ်။ ဆေးအာနိသင်ပြေခါနီးချိန်မှာ သမ်းဝေခြင်း၊ နှာရည်ယိုခြင်း၊ ချွေးထွက်ခြင်း၊ အငြိမ်မနေခြင်း၊ စိတ်တိုခြင်း ခံစားရပါတယ်။ ပုံမှန်အချိန် ဆေး (ဘိန်း) မမှီဝဲရရင် စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ သမ်းဝေခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ ချွေးသီးချွေးပေါက်ထွက်ခြင်း၊ ကျောနှင့်ခြေထောက်တွေ မခံရပ်နိုင်အောင်နာကျင်ကိုက်ခဲခြင်း၊ အေးတစ်လှည့်၊ ပူတစ်လှည့်ဖြစ်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းပျက်ခြင်း၊ ကြက်သီးတဖြန်းဖြန်းထခြင်း၊ အကြောဆွဲခြင်း၊ ခြေလက်တုန်ယင်ခြင်း၊ အိပ်မပျော်စားမဝင်ဖြစ်ခြင်း၊ အသားအရည်ခမ်းခြောက်ခြင်း၊ ပိန်ချုံးလာခြင်းတို့ဖြစ်နိုင်ပါတယ်။

***ဆေးခြောက်စွဲသူတို့မှာ*** နှလုံးခုန်မြန်ခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ ဆာလောင်ခြင်း၊ မျက်လုံးအိမ်အတွင်းမျက်စိအဖြူသားနီလာခြင်း၊ အဆုတ်အတွင်း ဆေးခြောက်ငွေ့တွေဝင်ခြင်းကြောင့် အဆက်မပြတ်ချောင်းဆိုးခြင်း၊ အစဉ်ငိုက်မြည်းခြင်းဖြစ်တတ်တယ်။ အကြားအာရုံချွတ်ယွင်းပြီး စိတ်အ



တွင်းအမြဲတမ်းနောက်ကျိရှုပ်ထွေးနေလို့ စိုးရိမ်ကြောင့်ကြစိတ်ဝင်လာခြင်း၊ ငိုလိုက်ရယ်လိုက်ဖြစ်ခြင်း၊ စိတ်ကူးယဉ်ကမ္ဘာအတွင်းအတွေးရေယာဉ်ကြောမှာမျောနေပြီး ပတ်ဝန်းကျင်ကိုမေ့လျော့ခြင်းတို့ဖြစ်တတ်တယ်။

***စိတ်ငြိမ်ဆေး၊ အိပ်ဆေးသုံးပြီးစမှာ*** စိတ်ငြိမ်ပြီးအိပ်ချင်လာတယ်။ များရင် အလွန်လေးလံထိုင်းမှိုင်းလာပြီး အိပ်ပျော်သွားလို့ အသက်ရှူနှုန်းနှေး၊ သွေးတိုးအားလျော့ကာ အအိပ်လွန်လို့ အသက်ဆုံးရှုံးနိုင်ပါတယ်။

***စိတ်ကြွဆေးသုံးခါစမှာ*** စိတ်ရွှင်လန်းသွက်လက်ခြင်း၊ အမောခံနိုင်ခြင်း၊ မအိပ်လိုခြင်းတို့ဖြစ်ကာ များလာရင်နှလုံးတုန်ရင်ခုန်ခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ခြေလက်တုန်ယင်ခြင်း၊ ချွေးသီးချွေးပေါက်ထွက်ခြင်းတို့ဖြစ်တတ်တယ်။ ဆေးတန်ခိုးပြချိန်မှာ လူတစ်ကိုယ်လုံးနုံးချိပြီး စိတ်ရှုပ်ထွေး၊ စိတ်ညစ်နေတတ်ပါတယ်။

စိတ်ရွှင်ဆေး ဆေးစွဲသူတွေဟာ မျက်လုံးအိမ်ပြူးကျယ်ခြင်း၊ မျက်နှာနီမြန်းခြင်း၊ နှလုံးခုန်နှုန်းနဲ့ကိုယ်အပူချိန်မြင့်တက်ခြင်း၊ စိတ်ကယောင်ချောက်ချားဂဏာမငြိမ်ဖြစ်ပြီး မိမိစိတ်ကူးထဲမှာရှိတဲ့အကြောင်းအရာတွေ ပြင်ပမှာအမှန်တကယ်ဖြစ်နေသယောင်ထင်မှတ်မှားခြင်း၊ စိတ်လှုပ်ရှားမှုပြင်းထန်ခြင်း၊ အလွန်ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက်ဖြစ်ခြင်းတို့ဖြစ်တတ်တယ်။

***ဆေးစွဲရတဲ့အကြောင်းအရင်းတွေက*** ပတ်ဝန်းကျင်မှ မိဘဆွေမျိုး၊ အပေါင်းအသင်းလူငယ်လူရွယ်တို့ရဲ့ အပြုအမူကိုတွေ့မြင်လို့ အတုမြင်အတတ်သင်ဆိုသလို သုံးစွဲမိခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲဖို့ အပေါင်းအသင်းတွေကတိုက်တွန်းဆွဲဆောင်ခြင်း၊ မိဘတွေသွန်သင်ဆုံးမမှုလွဲမှားခြင်း၊ သူများသုံးစွဲရင်အားကျမခံ အပြိုင်အဆိုင်သုံးခြင်း၊ ဆေးသုံးစွဲမှု ခေတ်မီတယ်ထင်ခြင်း၊ အထူးအဆန်းအနေနဲ့လက်တည့်စမ်းလိုခြင်း၊ မိမိစိတ်ပူပင်သောကပပျောက်စေဖို့ မှီဝဲခြင်း၊ လူငယ်များရဲ့ကိုယ်ရည်ကိုယ်သွေးညံ့ဖျင်းလို့ မူးယစ်ဆေးဝါးသောက်သုံးမိခြင်း၊ တဒင်္ဂအာနိသင်ကြိုက်နှစ်သက်ရာမှ ဆေးစွဲလာခြင်း၊ ဆေးဝါးအဖြစ်မှီဝဲရာမှာ 'တန်ဆေး လွန်ဘေး' ဆေးစွဲလာခြင်းဖြစ်ကာ ဆေးတစ်ဆင့်ထက်တစ်ဆင့်တိုးပြီး မှီဝဲသုံးစွဲလာတတ်ကြပါတယ်။

***ဆေးစွဲခြင်းအန္တရာယ်အရ*** လူနာရဲ့စိတ်ရောကိုယ်ပါ ဒုက္ခပေးရုံမက ပတ်ဝန်းကျင်ပါအနှောင့်အယှက်ဖြစ်စေတယ်။ ဘယ်မူးယစ်ဆေးဝါးမဆို ဆေးစွဲလာပြီးနောက်ပိုင်း အလွန်အကျွံမှီဝဲခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ နှလုံးရပ်ခြင်း၊ နောက်ဆုံးအသက်ဆုံးရှုံးတဲ့အထိ ဖြစ်နိုင်တယ်။

***ဘိန်းဖြူသုံးစွဲသူများ*** ဆေးလွန်ခြင်း၊ ဆေးထိုးတဲ့နေရာအနာဖြစ်ခြင်း၊ သွေးပြန်ကြောရောင်ခြင်း၊ သွေးအဆိပ်သင့်ခြင်း၊ နှလုံးအတွင်းမြှေးရောင်ခြင်း၊ အသည်းရောင်ခြင်း၊ အသည်းပြည်တည်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ်ပြည်တည်ခြင်း၊ စိတ္တဇစွဲကပ်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ အဆိပ်သင့်ခြင်းဖြစ်စေတယ်။ မူးယစ်ဆေးဝါးအာနိသင်လာချိန်မှာ စိတ်မမှန်ခြင်း၊ မှီဝဲသုံးစွဲဖို့ လိုအပ်နေချိန်မှာဆင်ခြင်မှုတရားကင်းပြီး ရာဇဝတ်မှုကျူးလွန်ခြင်းက ပတ်ဝန်းကျင်ပြည်သူတွေအနှောင့်အယှက်ဖြစ်စေတယ်။

လျှာကင်ဆာ၊ အဆုတ်လေပွန်ရောင်ခြင်း၊ အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ သွေးတိုး၊ နှလုံး၊ ခန္ဓာကိုယ်အနှံ့သွေးကြောပိတ်ခြင်းကြောင့် ခြေပုပ်လက်ပုပ်ရောဂါ၊ နှလုံးရုတ်တရက်အတိုက်အခိုက်ရောဂါစတဲ့ ဆေးလိပ်ကြောင့်ရတဲ့ရောဂါရပါတယ်။ 'မူးယစ်အစ ဆေးလိပ်က' ဖြစ်လို့ ရှောင်ရှားသင့်တယ်။

**ဒေါက်တာလွင်သန့်**

PRESIDENT OFFICE
မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန

## 'လုံခြုံစိတ်ချ - သတင်းပေးကြ'

**၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် *'မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန'* ကို နိုင်ငံတော်သမ္မတရုံး၏ ၂၂. ၆. ၂၀၁၈ ရက်စွဲပါ ရုံးအမိန့် အမှတ် (၁၈၇/၂၀၁၈) ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။**

**၂။ သို့ပါ၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူများအနေဖြင့်တိုင်ကြားနိုင်ရန် ယင်းဌာနတွင် သီးသန့်တယ်လီဖုန်း၊ သီးသန့်ဖက်စ်ဖုန်း၊ သီးသန့် အီးမေးလ်လိပ်စာများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါသဖြင့် ရုံးချိန်အတွင်း အောက်ဖော်ပြပါ တယ်လီ ဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-**

***ဆက်သွယ်ရန်-***

***အော်တိုတယ်လီဖုန်းနံပါတ်*** - *၀၆၇-၃၉၀၂၀၀*

***ဖက်စ်ဖုန်းနံပါတ်*** - *၀၆၇-၃၉၀၂၃၃*

***အီးမေးလ်လိပ်စာ*** - ***antinarcotics@presidentoffice.gov.mm***

စက်မှုအလင်းဂျာနယ်
Beacon of Industry
Journal

# ဆုံးတစ်သက်တာ



✵ မေ့ဘဝမှာ တစ်သက်တာထဲ
ထာဝရတွဲလက် မပျက်သစ္စာ
မေတ္တာယှဉ်ကပ် ချစ်မြတ်နိုးစဉ်
ချစ်အလင်္ကာ အသည်းလွှာထိပ်
မခွဲခွာနိုင် ချစ်တံဆိပ်....။

✵ ဝသုန်ဣြမြေ သိကြားစေရေး
မေ့သည်းဖွေးတွင် သက်သေတင်ကာ
စာကဗျာမှ ရည်ညွှန်းကူပြ
ချစ်ရသခင် မငြိုငြင်စေ
မသေအစဉ် ချစ်စေချင်...။

✵ ချစ်ကြင်ရသူ အတူယှဉ်တွဲ
အမြဲနေချင် ပြုံးရယ်ရွှင်မည်
မောင်မယ်ကြည်နူး ပျော်ကာမြူးကာ
တစ်ဦးသစ္စာ ထူးမေတ္တာလွှမ်း
ရှုနှမ်းသူနှင့် တူချင်တူ...။

✵ မောင့်သဘောကျ မောင်ပြောသမျှ
မောင့်ဆန္ဒသာ မှချအမှန်
ငြင်းဆန်မနှော မေ့သဘောတူ
ချစ်ရသူတွက် အသည်းအက်စေ
အသက်ကြွေတိုင် သည်းခံနိုင်...။

✵ နိုင်မြဲသဒ္ဒါ မေတ္တာမနွမ်း
အစဉ်လွှမ်းရ တမ်းတမျှော်ကာ
သခင်လာလမ်း စောင့်ကြိုမှန်းရင်း
ချစ်စမ်းချိုပြုံး သစ္စာသုံးလျက်
ဆုံးတစ်သက်လျှင် ကြင်နာချင်...။

တမ်းတ

# ပြည်ပမှ ရေချိုငါးအကြေးခွံကို ဝယ်ယူရန် ကမ်းလှမ်းသည့်အတွက် ငါး၏ဘေးထွက်ပစ္စည်းများမှ နိုင်ငံခြားငွေရရှိနိုင်

ရေချိုငါးများမှရရှိသည့်ငါးအကြေးခွံများကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန်ကမ်းလှမ်းမှုများရှိလာသဖြင့် ငါး၏ဘေးထွက်ပစ္စည်းများကြောင့် နိုင်ငံခြားဝင်ငွေရရှိနိုင်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ထံမှ သိရသည်။

မြန်မာနိုင်ငံ၌ အဓိကမွေးမြူသည့် ငါးမြစ်ချင်း၊ ငါးကြင်းဖြူ ငါးခေါင်းပွငါးများ၏ အကြေးခွံများအား တစ်ပိဿာလျှင် ငွေကျပ် ၂,၀၀၀နှုန်းဖြင့် ၅,၀၀၀ ကီလိုခန့်ကို ယခုလအတွင်း ထိုင်းနိုင်ငံသို့ တင်ပို့မည်ဖြစ်သည်။ ပြည်တွင်း၌ အဆိုပါ ငါးများကိုစားသုံးသော်လည်း အကြေးခွံများမှာ စွန့်ပစ်နေရသော ဘေးထွက်ပစ္စည်းဖြစ်နေသည်။

ယင်းဘေးထွက်ပစ္စည်းများကို ထိုင်းနိုင်ငံမှလာရောက်ဝယ်ယူသဖြင့် စနစ်တကျအခြောက်လှန်းပြီးရောင်းချပါက နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်သည်။

ဂျပန်နိုင်ငံမှလည်း တီလားပီး ယားငါးအကြေးခွံကို ဝယ်ယူရန်ဆွေးနွေးနေကြောင်း၊ ယင်းတီလားပီးယား အကြေးခွံကို ဂျပန်နိုင်ငံ၌ အသားဖြူလိမ်းဆေးတွင် ထည့်သွင်းအသုံးပြုရန်နှင့် အရေပြားနှင့်ပတ်သက်သော အခြားလိမ်းဆေးများတွင် အသုံးပြုရန် လာရောက်ဝယ်ယူသည်ဟု သိရသည်။

တရုတ်နိုင်ငံမှလည်း ငါးမြစ်ချင်း၊ ငါးသိုင်း၊ ငါးခေါင်းပွနှင့် ငါးကြင်းဖြူ ငါးများ၏ အကြေးခွံများကို လာရောက်ဝယ်သဖြင့် ယင်းငါးများ၏အကြေးခွံများကို စနစ်တကျသိမ်းဆည်းပြီး ရောင်းချပါက ဘေးထွက်ပစ္စည်းမှ နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်ကြောင်းသိရသည်။

**နေသခင်**

# အာရှလူငယ်တံခွန်စိုက် ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် (၅) နိုင်ငံဖိတ်ခေါ် စက်ဘီးစီးပြိုင်ပွဲများကျင်းပမည်

အသက် ၁၇ နှစ်နှင့် ၁၅ နှစ်အောက် အာရှလူငယ်တံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကို အောက်တိုဘာလ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ မန္တလေးမြို့၊ မန္တလာသီရိအားကစားကွင်း ကြက်တောင်အားကစားရုံတွင်ကျင်းပမည်ဖြစ်ရာ အာရှဒေသ ၁၆ နိုင်ငံမှ လူငယ်အားကစားသမား ၄၂၀ ဦး လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အလားတူ ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ၁၂ လမ်းထိပ်တွင် တာလွှတ်မည်ဖြစ်ပြီး ၅ နိုင်ငံမှ စက်ဘီးအားကစားသမား ၇၂ ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

**မောင်ပြည်သူ**

စက်မှုအလင်းဂျာနယ် CARTOON




## စာမူနှင့်သတင်းများဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့် စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@ gmail.com သို့လည်းကောင်းပေးပို့နိုင်ကြောင်း ဖိတ်ခေါ် အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့်လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

စက်မှုအလင်းဂျာနယ်

# အသွေးအရောင်

သီချင်းနားထောင်ရင်း နေ့လည်စာစားနေသော နေ့တစ်နေ့တွင် ကျွန်တော့်ထံသို့ မမျှော်လင့်သည့် ဖုန်းတစ်ကောဝင်ရောက်လာလေသည်။ သီချင်းသံရပ်သွားပြီး ဖုန်းသံမြည်လာသဖြင့် ကျွန်တော် ဖုန်းကောက်ကိုင်လိုက်သည်။

'ဟယ်လို. . . ကွန်ပျူတာကျောင်းသား ဝေယံဦးလားဗျ။'

ကွန်ပျူတာကျောင်းသား. . .။ ထိုအသံကိုကြားလိုက်သည်နှင့် ကျွန်တော့်ရင်ခုန်သံတွေ မြန်နှုန်းမြင့်သွားသည်။ ကျောင်းနှင့်ဆယ်နှစ်ကျော်ကျော်ဝေးကွာနေခဲ့ပြီး ယခုအချိန်ရောက်မှ ကွန်ပျူတာကျောင်းသားဟု နာမည်တပ်ခေါ်ခံလိုက်ရသဖြင့် သွေးတွေဖျဉ်းကနဲ နွေးလာလေသည်။ မြတ်စွာဘုရား. . . ကိုယ့်ကို ကွန်ပျူတာကျောင်းသားဟု ခေါ်ရလောက်အောင် သူက ဘယ်သူများလဲ။ ကိုယ်နဲ့ ကျောင်းနဲ့ဆက်စပ်မှုမရှိတော့တာ တော်တော်ကြာခဲ့ပြီပဲ။

'ဟုတ်ကဲ့ ကျွန်တော်ပါပဲ'

'ဟေ့ကောင် မင်း ငါ့ကို မမှတ်မိဘူးလားကွ'

ဒုက္ခပါပဲ။ ကျွန်တော် သူ့ကိုမသိပါ။ သူဘယ်သူလဲ။ သူ့အသံကို ကျွန်တော်ကောင်းကောင်းမမှတ်မိပါ။ အင်း. . . မမှတ်မိဘူးဆိုတာထက် စိတ်တွေထွေပြားနေသည့်အချိန်မို့ သူ့အသံကိုမှတ်မိဖို့ ကျွန်တော်အချိန်ယူ မစဉ်းစားချင်တော့ပါ။

'ငါ. . . စိန်ဝင်းလေကွာ။'

သြော်. . . ကိုစိန်ဝင်း။ မျက်မှန်နဲ့အသားဖြူဖြူတာရုတ်တစ်ယောက်။ ကျွန်တော်မှတ်မိပါပြီ။ သူ့အသံကိုလည်း ကောင်းကောင်းကျက်မိပါပြီ။

'သြော်. . ကိုစိန်ဝင်း ကျွန်တော်မှတ်မိပါတယ်။ ဒါနဲ့ ခင်ဗျား ကျွန်တော့်ဖုန်းနံပါတ် ဘယ်ကရလဲ။'

လွန်ခဲ့သည့် လေးငါးနှစ်ခန့်က သူ့ကို ကျွန်တော်ကြိုးဖုန်းနံပါတ်တစ်ခု ပေးခဲ့ဖူးသည်။ အခုသူဆက်တာက ကြိုးဖုန်းမဟုတ်ဘဲ ဟန်းဖုန်းကိုဆက်ခြင်းဖြစ်သည်။ သူက 'ဒီလိုပဲပေါ့ကွာ' ဟု လျှို့ဝှက်ချက်ကြီးတစ်ခုကို သိမ်းဆည်းထားသလိုနဲ့ မဖြေဘဲ တဟားဟားအော်ဟစ်ရယ်မောနေလေသည်။

သူက သူကျွန်တော့်ဆီဖုန်းဆက်ရခြင်းအကြောင်းကို ပြောပြသည်။ ကျောင်းမှာ ဆရာကန်တော့ပွဲလုပ်မည်ဖြစ်သဖြင့် ကျွန်တော့်ထံ အလှူငွေတောင်းခံပြီး ဆရာကန်တော့ပွဲနေ့ကျရင် ဆက်ဆက်လာဖို့ ဖိတ်ကြားခြင်းဖြစ်သည်။

'ဟေ့ကောင် ဘယ်လိုလဲ၊ မင်းလာမှာလား၊ မင်းလာဖြစ်အောင်လာကွာ၊ အဲဒီနေ့ကျရင် ငါတို့နှစ်ကလူတွေ အတူတူဆုံရအောင်၊ အားလုံးကို ငါ Contact လုပ်နေတယ်။'

သူပြောသည့်အစီအစဉ် တော်တော်လေးကောင်းပါသည်။ သို့သော် ကျွန်တော်သွားဖြစ်ပါ့မလား။ ကျွန်တော်ကိုကျွန်တော် မသေချာပါ။

'ဟေ့ကောင် အဲဒီနေ့ကျရင် လာဖြစ်အောင်လာနော်။ မင်းမလာရင် ငါနဲ့တွေ့မယ်။'

သူဖုန်းချသွားသော်လည်း ကျွန်တော့်မှာအတွေးတွေ မဆုံးနိုင်တော့ပါ။ ဆရာကန်တော့ပွဲကို သွားရင်ကောင်းမလား၊ မသွားဘဲနေရမလား။ ကျွန်တော်စိတ်မှာ ဒွိဟဖြစ်ကာ စဉ်းစားတွေဝေနေမိသည်။

တကယ်တော့ ဆရာကန်တော့ပွဲကို ကျွန်တော်မသွားရခြင်းမှာ ဆရာတွေကို ဂါရဝပြုမှုတတ်မဆက်ချင်၍မဟုတ်။ ကျောင်းတုန်းကဆရာ၊ ဆရာမများကို ကျွန်တော်လေးစားဦးညွှတ်ပါသည်။ သို့သော် ကျွန်တော်ဆရာကန်တော့ပွဲသွားခဲ့ရင်လည်း ဆရာတွေက ကျွန်တော့်ကို မှတ်မိဖို့မသေချာနိုင်တော့ပါ။ နှစ်တွေကြာခဲ့ပြီပဲ။ ကျောင်းပြီးကတည်းက ကျောင်းနှင့် ကျွန်တော် အဆက်အသွယ်မလုပ်သည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ သည်ကြားထဲမှာ ဘွဲ့လက်မှတ် (အဝေးရောက်) ယူဖို့အတွက်သာ ကျောင်းကို တစ်ခေါက်ပြန်ရောက်ဖြစ်ခဲ့သည်။ ထို့နောက် ကျောင်းနှင့် ကျွန်တော် တစ်သက်စာအပြီးတိုင် လမ်းခွဲလိုက်ရသကဲ့သို့ နောက်ထပ် ဘာအဆက်အသွယ်မှမရှိတော့ပါ။ ကျောင်းတော်ကြီးကို ကျွန်တော်က အဆက်အသွယ်ဖြတ်ခဲ့သည်ဆိုပါစို့။

ကျောင်းကိုတင်လား မဟုတ်၊ ကျောင်းကသူငယ်ချင်းတွေနှင့်လည်း အဆက်အသွယ်ပြတ်တောက်ခဲ့သည်။ ကျောင်းပြီးကတည်းက ကျောင်းကိုရော၊ သူငယ်ချင်းတွေကိုရော နောက်ထပ်လုံးဝ မတွေ့ဖြစ်ကြတော့ဘူးဟုဆိုရင် ကျွန်တော်နေနိုင်လိုက်တာဟု အံ့သြကြမလားမသိ။ ဟုတ်ကဲ့ပါ. . . ကျွန်တော် တော်တော်လေး နေစိမ့်နိုင်ခဲ့သည်။



ယခု ဆရာကန်တော့ပွဲကို ဆက်ဆက်လာဖြစ်အောင်လာပါဟု သူကဖိတ်ကြားတော့ ကျွန်တော့်မှာ မီးခိုးမဆုံး မိုးမဆုံး အတွေးတွေကျန်ရစ်ခဲ့တော့သည်။ ကျွန်တော် မသွားတော့ဘူးဟု စိတ်ထဲကဆုံးဖြတ်မိသည်။ ဆရာကန်တော့ပွဲအတွက် အလှူငွေကို သူ့ဆီသွားပေးလိုက်မည်။ ပွဲကိုတော့ ကျွန်တော်မတက်တော့ပါ။ ဒါပေမယ့် ကောင်းပါ့မလား။ သူက ကျွန်တော့်ကို သေသေချာချာဖိတ်ထားတာပဲ။ ပြီးတော့ ဆရာတွေကိုလည်း ဂါရဝပြုကန်တော့ရမည်လေ။ သူငယ်ချင်းတွေအစုံအညီတွေ့ရမည်ဆိုတော့ ကျွန်တော်မသွားဘဲနေလို့ သင့်ပါ့မလား။ ကျွန်တော်သွားသင့်တယ်ထင်တယ်။

ကျွန်တော်သည် ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင်မဝေခွဲ၊ မဆုံးဖြတ်နိုင်ပါ။ အခြားသောင့်ညာစရာအကြောင်းတွေ မရှိဘူးဆိုရင် ကျွန်တော်ထိုပွဲကို မတက်ရောက်ဖြစ်ဖို့ သေချာသလောက်ဖြစ်နေပြီ။

နေစမ်းပါဦး။ ဒီပွဲဟာ ကျွန်တော်ပါမှ ပြည့်စုံလှပမှာတဲ့လား။ ကျွန်တော်မပါရင်လည်း ဒီပွဲဟာ လှလှပပနဲ့ပြီးပြည့်စုံသွားမှာပါ။ အကယ်၍ ကျွန်တော်သာသွားဖြစ်ခဲ့ရင်ရော. . ကျွန်တော့်အတွက် ကျေနပ်ပျော်ရွှင်မှုရပါ့မလား။ ကျောင်းတုန်းက သူငယ်ချင်းတွေကိုရော ကျွန်တော်တွေ့ချင်သေးရဲ့လား။

ကျွန်တော်သူတို့နှင့်မတွေ့ဖြစ်သည်မှာ တော်တော်ကြာခဲ့ပါပြီ။ ကျွန်တော်ကိုယ်တိုင်က အဆက်အသွယ်ဖြတ်တောက်ခဲ့သည် ထင်ပါသည်။ (သူတို့ကိုယ်တိုင်ကလည်း ကျွန်တော့်ကို အဆက်အသွယ် မလုပ်ဖြစ်တာလည်း ဖြစ်နိုင်ပါသည်။) သူတို့တွေ ဘယ်တွေရောက်လို့ ဘာတွေလုပ်နေကြသနည်း။ ကိုစိန်ဝင်းထံမှ ကြားသိခဲ့ရသော သတင်းတွေကစုံလှသည်။ ကြားသိရသမျှကတော့ အားကျစရာတွေချည်းပါပဲလား။ ကျွန်တော်သည် သူတို့၏သတင်းကောင်းတွေကို ကြားသိရသည့်အတွက် ဝမ်းသာကျေနပ်ခြင်းနှင့်အတူ မိမိကိုယ်ကိုယ်ပါ ပြန်လည်ဆန်းစစ်ကြည့်မိသည်။

ထိုနေ့က ဖုန်းမချခင် သူ့ကိုကျွန်တော်က 'ဒါနဲ့ ကိုစိန်ဝင်းကော အခုဘာတွေလုပ်နေလဲ၊ မိတ္ထီလာမှာပဲလား' ဟု မေးတော့သူက စောစောကအသံထက်တိုးလျော့စွာဖြေသည်။

'အေးပေါ့ကွာ၊ ငါလည်းဆိုင်တစ်ဘက်နဲ့ မအားဘူးကွာ၊ မင်းကော။'

'ကျွန်တော်လည်း ကိုစိန်ဝင်းလိုပါပဲ။'

ကျွန်တော်တို့နှစ်ယောက် ရယ်မောခဲ့ကြသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်၏ ရယ်မောသံတွေ ခြောက်ကပ်နေခဲ့သည်။

အားလုံးသောသူတွေ ဇာတိမြေကိုစွန့်ခွာပြီး နယ်ပယ်ကျယ်ပြန့်သော မြို့ပြကိုတက်ကာ သူတို့ရဲ့ စွန့်စားခန်းတွေကို ဖွင့်ကြသည်။ သူတို့ရဲ့ အိပ်မက်တွေကို ရှာဖွေကြသည်။ သူတို့ရဲ့ဘဝတွေကို ပိုပြီးတောက်ပလာအောင် အရောင်ခြယ်ကြသည်။ အားလုံးသောသူတွေ အဝေးကိုထွက်ခွာသွားနေကြချိန်မှာ ကျွန်တော်တို့ကရော ဆယ်စုနှစ်တစ်ခုစာ ဘာမှမပြောင်းလဲဘဲ မြို့မှာ ဘာကြောင့်ကျန်ရစ်ခဲ့ကြတာလဲ။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်၊ ကိုယ့်ဘဝကိုကိုယ် ပြန်ကြည့်ပြီး အားမလိုအားမရ မကျေနပ်စိတ်တွေဖြစ်ခဲ့ဖူးသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုတစ်ပုဒ်ထဲမှ ဇာတ်ကောင် 'နိုင်' ပြောသောစကားကို ကျွန်တော်မကြာခဏအမှတ်ရနေဆဲဖြစ်သည်။ 'ဝါသနာနဲ့အသက်မွေးဝမ်းကျောင်းလမ်း ရွေးချယ်မှုဟာ တစ်ထပ်တည်း၊ တစ်သားတည်း ဖြစ်သင့်တယ်၊ အဲဒီလိုမဟုတ်ရင်တော့ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ်ပြန်ရန်ဖြစ်နေရလိမ့်မယ်' တဲ့။ တကယ်တော့ ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ်နဲ့ ပြန်ရန်ဖြစ်နေရသောသူ တစ်ယောက်သာဖြစ်သည်။ လောကမှာ ကိုယ့်ကိုယ်ကိုယ်နဲ့ ရန်ဖြစ်နေရသောသူတွေ ဘယ်လောက်များများရှိနေမလဲ။

ဆရာကန်တော့ပွဲကို ကျွန်တော်သွားခဲ့လျှင် အရောင်စုံအသွေးစုံ လှပတောက်ပနေမည့် သူငယ်ချင်းတွေရဲ့ဘဝကို မြင်တွေ့ကြည့်ရှုကာ ဝမ်းသာအားကျရဦးမည်။ သူတို့တွေကလည်း သူတို့ကိုယ်မှာတောက်ပနေမည့် အသွေးအရောင်တွေကို ထုတ်ဖော်ပြသကြလိမ့်မည်။ ကျွန်တော်ကရော. . . .

ကျွန်တော့်မှာ လူသိနည်းသေးသောဘဝတစ်ခု ရှိသေးတယ်ဆိုတာ သူတို့ကို ပြောပြသင့်ရဲ့လား။ အဲသည့်အခါမှာတော့ ကျွန်တော့်ခန္ဓာကိုယ်မှာ တောက်ပသည့်အသွေးအရောင်က လှမလှ ဆိုတာကတော့. . . .

**စင်မောင်ထူး**

> **'ဝါသနာနဲ့အသက်မွေးဝမ်းကျောင်းလမ်း ရွေးချယ်မှုဟာ တစ်ထပ်တည်း၊ တစ်သားတည်း ဖြစ်သင့်တယ်၊ အဲဒီလို မဟုတ်ရင်တော့ ကိုယ့်ကိုယ်ကိုယ်နဲ့ ကိုယ်ပြန်ရန်ဖြစ်နေရလိမ့်မယ်'**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ကျွန်တော့်အမေ

✍ စိမ်းစိုဦး

အရာရာတွင် အကြောင်းကြောင်း ရှိတတ်၊ ဖြစ်တတ်ကြသော တရား ကိုယ်သဘောသွားအရ လူတို့သည် လည်းကောင်း၊ ဖြစ်စဉ်ဖြစ်ရပ်များ သည်လည်းကောင်း အကြောင်းအ ချက်၊ အရေးအရာများတွင်လည်း ကောင်း၊ ကောင်းသင့်ညံ့များ၊ အ ယုတ်အလတ်အမြတ်များ၊ ဆူကြုံနိမ့် မြင့်များ၊ ရှိသည်ချည်းဖြစ်ပါသည်။ ထို့ အတူ အကြောင်းအကျိုး၊ အကောင်း အဆိုးဆိုရာတွင်လည်း ခြောက်ပြစ် ကင်းသဲလဲစင်၊ ပြစ်မျိုးမှည့်မထင်၊ သီးသန့်အကောင်းအမွန်၊ အမြင့်အ မြတ်၊ ပကတိအကောင်းချည်းမရှိသ လို ဘာမှအသုံးမဝင်သောအဆိုး ချည်းလည်း မရှိချေ။

အကောင်းချည်း (သို့) အဆိုး ချည်းဟု ရှုမြင်သုံးသပ်အကဲဖြတ်မှုမှာ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ကြိုက်/မကြိုက်၊ လို/မလို၊ အလိုဆန္ဒအာသီသ များနှင့်သာဆိုင်ပါမည်။ ရရှိအပ်သော အကျိုးရလဒ်မှာ အကောင်းအဆိုး ရောထွေးနေမည်ချည်းဖြစ်၏။

မိမိ၏မိခင်သည် အကောင်းဆုံး မိခင်၊ မိမိဇနီးသည် အကောင်းဆုံး အိမ်ရှင်မ၊ ခြောက်ပြစ်ကင်း၊ ပြစ်မျိုး မှည့်မထင် ဖြစ်ပါမည်လား။ ကိုယ် ထင် ကုတင်ရွှေနန်း၊ ငါ့စကား နွားရ၊ ဖွတ်တရွတ်နှင့်သိဒ္ဓိတင် ရွှေပေါ်မြ တင် လုပ်ချင်ကလုပ်၊ ပြောချင်က ပြောနိုင်ပါမည်။ သို့သော် သဘာဝ မကျ၊ ယုတ္တိမတန် ယုံလောက်စရာ မရှိသော တစ်ဖက်စောင်းနင်း အမွှမ်း တင်မှုသာဖြစ်နေပါမည်။ တစ်ယူသန် တဇောက်ကန်း အမြင်သာဖြစ်နေပါ မည်။ မိခင်ရော၊ ဇနီးပါ နတ်သမီးများ မဟုတ်။ အရိယာသူတော်စင်များ မဟုတ်။ လောကီဘုံသား မိန်းမသား များသာ ဖြစ်ကြပေသကိုး။ အကောင်း အဆိုး ရာခိုင်နှုန်းအချိုးအစား၊ အနည်းအများရောထွေး ယှက်လိမ် နေပေမည်။ ကိုယ့်အမေမို့၊ ကိုယ့်ဇနီးမို့ အပြစ်မမြင်အချစ်ဝင်နေမှုမှာ မောဟ ဖုံးလွှမ်းခြင်း၊ အဝိဇ္ဇာထူထဲခြင်းဖြစ်အံ့။

× × ×

ဆင်တဲ (ပန်းတောင်း) ကပစ တပ်ဖွဲ့၊ လူပျိုစည်သူဆောင်တွင် လူပျို လူလွတ်ဘဝနှင့် တောက်လျှောက်ကြီး ရှစ်နှစ်နေခဲ့ဖူးပါသည်။ အဆောင်နေ ကပစစစ်သားဘဝတူ၊ အခြေအနေ တူ၊ သူငယ်ချင်းများမှာ အနည်းဆုံး ဆယ့်ငါးယောက်ခန့်မှ အစိတ်အထိ ရှိတတ်ပါသည်။ အိမ်ထောင်ကျကာ အဆောင်မှအပြီးတိုင် ထွက်သွားသူ များ၊ တပ်သားသစ်အဖြစ်စစ်သင်တန်း များတက်ကာ ထပ်တိုးရောက်လာသူ များအမြဲရှိတတ်ပါသည်။ အတိုးအ ဆုတ် ရှိတတ်ပါသည်။

အဆောင်နေလူပျိုစစ်သားများ ထဲတွင် ကျွန်တော့်နယ် ဝေးလံသော ရခိုင်ပြည်နယ်သားရှိသလို မဝေးလှ ဟုဆိုရမည့် ပြည်-ရန်ကုန်မီးရထား လမ်း၊ ကားလမ်းတစ်လျှောက်ရှိ မြို့ နယ်များမှလူပျိုစစ်သားများလည်း မနည်းလှချေ။ ကျွန်တော့်နယ်ဇာတိ ဝေးလံသူများအဖို့ အဆောင်သို့ဧည့် သည်အဖြစ်လာရောက်သူ မရှိပေမယ့် ပြည်-ရန်ကုန်မီးရထားလမ်း၊ ကား လမ်းတစ်လျှောက် မြို့နယ်များမှလူပျို စစ်သားများ၏မိခင်များသည် သား များနှင့်တွေ့ဆုံရန် ရောက်လာတတ် ကြပါသည်။



အထူးသဖြင့် လကုန်ရက် လစာ ထုတ်ရက်များတွင် ဆင်းရဲနွမ်းပါး ဟန်တူသော တောသူအမေများ သားလူပျိုများနှင့်လာတွေ့ကြ၊ တီးတိုး တိုင်ပင်ကြ၊ ကြိတ်၍ဆွေးနွေးကြမှု များရှိပါသည်။ အထူးသဖြင့် ငွေရေး ကြေးရေး စီးပွားရေးကိစ္စဖြစ်ပါမည်။ သားလူပျိုများ၏လစာထဲမှ ဝေစုခွဲရန် ဖြစ်ပါမည်။

လူတို့သည် စီးပွားရေးကိုနာခံ ကျိုးနွံကြရမြဲမဟုတ်ပါလား။ ထိုသို့ သူငယ်ချင်းများ၏အမေများ ရောက် လာကြမှု၊ တီးတိုးတိုင်ပင်ကြမှုများကို မြင်တွေ့ရတိုင်း ကျွန်တော့်မှာအမေ့ ကို သတိမရဘဲမနေနိုင်ချေ။ ကျွန် တော့်မှာ အမေ့သားကြီးဖြစ်သလို အမေ၏လက်ကသုံးတောင်ဝှေး၊ အ တွဲအဖက်၊ အဖော်အလျော်၊ လက်တို လက်တောင်း၊ ကိုယ်ခွဲလက်ခွဲ၊ အပါး တော်မြဲ အမေ့ကိုယ်ရံတော် တပ်မှူး လေးလုပ်လာခဲ့သူပေကိုး။

အဖေ့ရွာတွင် တစ်ရွာသူလေး အမေ့၌ ငယ်ပေါင်းသူငယ်ချင်းမရှိ၊ ဆွေမျိုးများမရှိရှာဘဲ တစ်ကောင်ကြွက် တစ်မျက်နှာဖြစ်ပါသည်။ သားကြီး အဖြစ် ကျွန်တော့်ကိုမွေးပြီးမှ အမေ့ မှာပြောဖော်ဆိုဖက်၊ သွားဖော်လာ ဖက် အမြဲတပူးတွဲတွဲရှိနေတတ်ကြ သည်မှာ ငယ်စဉ်ကတည်းမှသည် အ လယ်တန်းကျောင်းသားအရွယ်ထိ တောက်လျှောက်ကြီးပင်တည်း။

ကျွန်တော့်မှာ အမေ့လက်ထွက်၊ အမေ့ပုံစံခွက်ထဲမှလူ၊ အမေ့အဆုံး အမ၌ တည်သူဖြစ်ပါသည်။ သုံးနှစ် နှစ်ယောက်နှုန်း သားတွေချည်းလေး ယောက်ဆက်တိုက် မွေးသောအမေ့ မှာ သားမာန်တက်ရင်းက စိတ်နေ သဘောထား တင်းမာပြင်းထန်ပါ သည်။ ပြောမရ ရအောင်ပြောမည်၊ လုပ်မရ ရအောင်လုပ်မည်ဆိုသော စိတ်နေမျိုးရှိ၍ အလွန်မာကျောပါ သည်။

အမေ ကျောင်းမနေဖူးသော် လည်း စာဖတ်တတ်ပါသည်။ ဈေး တောင်းခေါင်းရွက်မိသားစုမှ လာသူ ဖြစ်၍ နှုတ်သွက်လျှာသွက်၊ လူမြန်လူ သွက်ဖြစ်သလို လည်ဝယ်ပါးနပ်သူ၊ လူကဲခတ်တော်သူ၊ သွက်လက်ချက် ချာကာ လှစ်လှစ်ကလေးဆိုသူမျိုး ဖြစ်၏။

အလုပ်ဖွဲ့ကြီး၏၊ စေ့စပ်သေချာ တတ်၏။ ပင်ပန်းခံနိုင်၏။ အိမ်အ လုပ်များအားလုံးမှာ အမေ့လက်၊ အမေ့ခြေချည်းပင်။ ဒိုင်ခံဒုန်းခံ၊ ကြက်ဆင်းကြက်တက်၊ နေထွက်က နေဝင် အလုပ်နှင့်လက်မပြတ် အလုပ် လုပ်နိုင်သူ၊ အကွက်စေ့အောင် လုပ် တတ်သူဖြစ်ပါသည်။ အမေ၏ကိုယ် ခွဲလက်ခွဲ၊ လက်တိုလက်တောင်း အ ခိုင်းအစေအဖြစ် အမေခိုင်းစေသည် မှာ ကျွန်တော်ဝရဇိုးလည်း အီစလံဝေ ပါသည်။ ဖင်မပါသလို ထိုင်နေရသည် မရှိချေ။ ကိုယ်ခွဲလက်ခွဲမရှိသလို သား များကိစ္စ၊ အိမ်မှုကိစ္စ၊ ချက်ရေးပြုတ် ရေးကိစ္စများနှင့် ဒေါင်ချာစိုင်းနေရ သောအမေ့အဖို့ ကျွန်တော့်အကူအပံ့၊ ကူဖော်လောင်ဖက် တကယ်လည်း လိုအပ်ပါသည်။ မျက်စေ့အောက်တွင် အမေအလုပ်ရှုပ်နေသည်ကို မြင် တွေ့နေရခြင်းကြောင့် အမေ့အား သားကြီးဖြစ်သူ ကျွန်တော်မှမကူညီ မပံ့ပိုး၍မဖြစ်ချေ။

အိမ်တွင် မုဆိုးမအဖွားနှင့်အမေ သာလူကြီးများအဖြစ် ရှိနေပါသည်။ အမေကလည်း သားများချည်းသာ မွေးတတ်ခြင်းကြောင့် ကျွန်တော့်မှာ အမေ၏သားကြီးလည်းဟုတ်၊ သမီး ကြီးလည်းလုပ်ကာ အမေခိုင်းသမျှ လုပ်ရင်းက အမေ၏ပူးတွဲပါဖြစ်ကုန် ပါတော့သည်။ အမေ့သားကြီး၊ အမေ့လက်ထွက်ဖြစ်ကုန်ပါသည်။

× × ×

အစက ကောင်းပြီးကောင်းရက်၊ ဟုတ်ပြီဟုတ်ရက်နှင့် အဖေသည် စတန့်ထွင်စီးပွားရေးစားကျက်ပြောင်း ကာ ငပိ၊ ငါးခြောက်ကုန်သည်လုပ် ရာမှ ကျွန်တော်လေးတန်းအောင် သောနှစ်တွင် စီးပွားပျက်ရုံမက လူပါ ပျက်ကာ ဘိန်းစွဲနေသူဖြစ်လာခဲ့ပါ တော့သည်။ ကံကြမ္မာဖန်လာပုံဆန်း သလို မမျှော်မှန်းနိုင်သောအမေ့ဘဝ လောကဓံမုန်တိုင်းကြီးစသည်ဟု ဆို ရပါမည်။

အရင်းလဲလျှင် အဖျားထင်းဖြစ် သည်မှာ မဆန်းချေ။ တစ်ရွာသား အဖေ့နောက် ခိုးရာလိုက်ပြေးပေါင်း ခြင်းကြောင့် အမေ့အဖေ၊ ကျွန်တော့် အဖိုးစိတ်ဆိုးကာ သေခန်းပြတ်အ လုပ်ခံရသောအမေ့မှာ အဖေလုပ်ပုံ ကို မကျေနပ်ချေ။ ခွေးကိုချစ်နိုင်ပေ မယ့် ခွေးချေးကိုမချစ်နိုင်သောအမေ သည် အဖေ့အား ရာဇသံပေးကာ သူ့သဘောထားကို ကြေညာပါသည်။

'သားလေးယောက်ရဲ့မျက်နှာ ကြောင့် ကျွန်မဘိန်းစားမယားမလုပ် နိုင်ဘူး။ အစ်ကို့ဘိန်းကြောင့် ကျွန်မ သားတွေ ဘိန်းစားသားအဖြစ် လူ မလေး ခွေးမခန့်ဖြစ်ကုန်ရတာကို ကျွန်မအသည်းနာတယ်။ အစ်ကို့ ဘိန်းကို ဖြတ်မလား၊ ကျွန်မတို့သား အမိတွေကိုပြတ်မလား၊ တစ်ခုခုကို ရွေး။ အစ်ကိုဘိန်းကို မပြတ်ရင် ကျွန်မဘက်က ဖြတ်မယ်။ ငယ်စာ ရင်းဖျက်မယ်။ ရေစက်ကုန်မယ်။ ကျွန်မ ဘိန်းစားမယားမလုပ်ဘူး။'

အမေ့ရာဇသံကို အဖေက အိ ယောင်ဝါးလုပ်ကာ ဝှေ့လည်လည် လုပ်နေပါသည်။ အဖေက အမေ့ အား သားလေးယောက်ကို တာဝန် ယူနိုင်စွမ်းမရှိနိုင် သူ့ကိုမစွန့်ခွာနိုင်ဟု တွက်ပုံရပါသည်။ အဖေ့လုပ်ရပ်ကို တစ်ရွာလုံးက ပြစ်တင်ရှုံ့ချဝေဖန်ကဲ့ ရဲ့ကြခြင်းကြောင့် အမေဘိန်းစား မယားမလုပ်နိုင်ဆိုသည့် ရပ်တည် ချက်ကို မှန်ကန်သောဆုံးဖြတ်ချက် ဟု ကျွန်တော်သုံးသပ်ပါသည်။ သို့ သော် အမေ့ဆုံးဖြတ်ချက်သာ အတည် ဖြစ်ပါက အဖေနှင့်အမေတို့ အိမ် ထောင်ရေးပြိုကွဲကာ ဖရိုဖရဲ ပရမ်း ပတာဖြစ်ကုန်မည်ဟုသေချာ၏။ မိစုံ ဖအုပ်မဖြစ်နိုင်တော့ချေ။

အမေ့ခမျာ ရာဇသံပေးသလို တစ်ဖက်လှည့်နှင့်အဖေ့ကို ဘိန်းဖြတ် ပါရန် ရှိခိုးဦးတင်တောင်းပန်ရှာပါ သည်။ အမေသည် အဖေ့အပေါ် အချစ်အခင်မပျက်သော်လည်း အဖေ စွဲနေသောဘိန်းကို အမုန်းကြီးမုန်းရာ မှ အဖေ့ကိုပါရော မုန်းရမည့်အခြေ စိုက်၏။ သည်လိုနှင့် အဖေနှင့်အမေ တို့ အိမ်တွင်းစစ်ခင်းကာ နေ့တကျက် ကျက် ညတကျက်ကျက် ရန်ပွဲများ ဆက်ရင်း နေ့ကွဲမလား၊ ညကွဲမလား မရေရာတော့ချေ။

ရွာကျောင်းမှ အပိုကြီးငယ် ဆရာမနှစ်ဦး ဆရာမဒေါ်စောတင်နှင့် ဒေါ်စောကြည်တို့ ကြောင့်ကြစိုက် ကမကထပြုမှုကြောင့် မဏိမေခလာ နတ်သမီးနှစ်ဦးအကူအပံ့နှင့် အလယ် တန်းကျောင်း ကျွန်တော်တက်ခွင့်

စာမျက်နှာ ၁၉ သို့-

စာမျက်နှာ ၁၉ မှ-

ရပါသည်။ ကျွန်တော်ခြောက်တန်း အောင်သောနှစ်တွင် အမေသည် ကျွန်တော့်အား အဖွားနှင့်ထားခဲ့ကာ အဖေ့ကိုစွန့်ခွာ၍ သားတစ်အုပ်နှင့် ဇာတိရွာသို့ပြန်ပြေးပါတော့သည်။ အမေအိမ်ထောင်ရေးကို အရှုံးနှင့် ပိုင်းလိုက်ရပါသည်။ အမေက အဖွားအား

'ကိုယ့်ရွာမှာဆိုရင် လုပ်စားတတ်ပါတယ်။ ဆွေနဲ့မျိုးနဲ့ပါ။ ဝတ်သေအောင် ပစ်ထားကြမှာမဟုတ်ပါဘူး။ ကျွန်မသားတွေနဲ့လုပ်စားနေမှာပါ။ နောက်အိမ်ထောင် မပြုတော့ပါဘူး။ သားကြီးကို ခုနစ်တန်းတစ်နှစ် အရီးဆီမှာထားခဲ့ပါရစေ' ဟုရှိခိုးဦးတင်လုပ်ကာ အဖေ့ကိုစွန့်ခွာမှုဖြစ်ပါသည်။ ခုနစ်တန်းစာမေးပွဲပြီးသည်နှင့် ကျွန်တော်လည်း အဖွားနှင့်ဇာတိရွာကို စွန့်ခွာ၍ အမေနှင့်သွားရောက်ပေါင်းစည်းရပါသည်။

အဖေကမူ ကလေကချေခြေသလုံးအိမ်တိုင် ဘိန်းစားအဖြစ် ဘိန်းနှင့်သာနေနေပါတော့သည်။ ပရမ်းပတာဖြစ်ကုန်၏။

ကျွန်တော် အမေ့ထံရောက်ပြီး မကြာမီ အမေ့အစ်ကိုကြီးနှင့်အမေ့ခဲအိုတို့နှစ်ယောက် လာရောက်တွေ့ဆုံကြပါသည်။ အိမ်ထောင်ပျက် အမေ့တွင် သားလေးယောက်နှင့်စားအိုးကြီး ဝန်ထုပ်ဝန်ပိုးကြီးနေမှုကို ဦးကြီးနှင့်ဘကြီးတို့က လူကြီးများပီပီ အမေသက်သာချောင်ချိအောင်၊ ဝန်ပေါ့အောင် စီမံကြခြင်းဖြစ်ပါသည်။ အမေရှိသေလေးစား အားကိုးမှီခိုရသူ အစ်ကိုကြီးနှင့်ခဲအိုတို့အစီအမံကို နာခံလိုက်နာမည်ဟု ဦးကြီးနှင့်ဘကြီး ယုံကြည်ထားကြဟန်တူပါသည်။

'နင်တစ်ယောက်တည်း စားအိုးကြီးနေတဲ့ကိစ္စ၊ သားလေးယောက်ကို ထိန်းရမယ့်ကိစ္စ တာဝန်ကြီးလွန်းနေတယ်။ ဝန်ပေါ့သွားအောင် နင်လည်း သက်သာချောင်ချိအောင်ပေါ့ဟာ။ နင့်သားကြီးအောက်က ညီနှစ်ယောက်ကို တို့နှစ်ယောက်တစ်ယောက်စီခွဲဝေတာဝန်ယူပေးကြမှာပါ။ တူသားတွေအဖြစ် ကူညီစောင့်ရှောက်ပေးချင်လို့ တို့လာပြောကြတာ' ဆိုသောအခါ ကျွန်တော့်အမေပြတ်သားစွာ ငြင်းပယ်ပါတော့သည်။

'ဟင့်အင်း ကျွန်မမသေသေးရင် ကျွန်မသားတွေ ဟိုရောက်ဒီရောက် တကွဲတပြားဖြစ်ကုန်ကြတာမျိုး အဖြစ်မခံနိုင်ဘူး။ ကျွန်မကိုယ်တိုင်က မခွဲနိုင်တာပါပဲ။ ခုမကြီးကြိုသေးခင် ငယ်ရွယ်တုန်းမှာ ကျွန်မမျက်စိအောက်မှာ ရင်အုပ်မကွာ တစ်စုတစ်စည်းရှိနေကြတာကိုပဲ ကျွန်မလိုလားတယ်။ မိန်းမသားကျွန်မ သားလေးယောက်ကိုမထိန်းနိုင်လောက်ဘူးလို့ ပြောဆိုဝေဖန်နေကြတာကို ကျွန်မသိပါတယ်။ ကျွန်မတစ်ယောက်တည်း မဟုတ်ပါဘူး။ ကျွန်မမှာ အားကိုးရတဲ့သားကြီး အစ်ကိုကြီးအဖအရာ လုပ်ပေးနိုင်တဲ့ သားကြီးရှိပြီးသား၊ စီစဉ်ထားပြီးသားပါ။ သားကြီးက သူ့ညီတွေကို မီးသေပါတယ်။ ညီတွေကလည်း အစ်ကိုကြီးကို မလွန်ရဲကြပါဘူး။ ခုဆိုရင် ဒီရွာမှာ အတန်းစာအတတ်ဆုံးသားကြီး ရှိနေပါပြီ။ သားကြီးကိုအားကိုးအားထားလုပ် ခိုင်းစားလို့ရတော့မှာပါ။ ကျွန်မအလုပ်တွေလည်း အသားကျလာနေပါပြီ' ဟု ပြေပြစ်စွာပြောဆိုရှင်းပြသောအမေ့အား ဦးကြီးနှင့် ဘကြီးတို့ နားလည်သွားကြပါသည်။ ဘာမှ မပြောကြတော့ချေ။

ကျွန်တော့်အမေမှာ သားများကို သည်လိုမျိုး ဂရုစိုက်၏။ ဖက်တွယ်၏။ သက်သာရာမရှာ၊ အပါးမခို၊ အချောင်မလိုက်ချေ။ အစ်ကိုကြီးနှင့် ခဲအိုတို့ ဝန်ပေါ့အောင်တာဝန်ယူပေးပါမည်ဆိုသည်ကိုပင် လက်မခံဘဲငြင်းဆန်၏။ အမေ၏အသားကျလာသော အလုပ်ဆိုသည်မှာ အမေ့ဇာတိရွာ ကိုင်းချောင်းရွာမှာ ဒေသအတွင်းတွင် မြစ်နှင့်အနီးဆုံးရွာဖြစ်သလို တံငါငါးဖမ်းလုပ်ကိုင်သူ များပါသည်။ ထိုတံငါသည်များထံမှ ငါးစိုင်ငါးစိမ်းများကို ပါးစပ်နှင့်ဝယ်ယူချုပ်ကိုင်ကာ ငါးစိမ်းသည်မအလုပ်ကို ပြောခြင်းပင်ဖြစ်ပါသည်။ အမေလုပ်စားတတ်၏။

ကျွန်တော်သည် အမေနှင့်အတူ ကြုံရာကျပန်းပုံကျအလုပ်မျိုးစုံ ကုန်းပေါ်မှာလယ်ယာ၊ မြစ်ထဲမှာတံငါ ရေတစ်ပိုင်းကုန်းတစ်ပိုင်း သတ္တဝါအဖြစ် နှစ်နှစ်ကျော်လုပ်စားခဲ့ရပါသည်။ ပြီးမှ အဖေ့ဘက်မှအစ်ကိုဝမ်းကွဲ ကိုထွန်းတင်မောင်၏အကူအပံ့နှင့် ပန်းတောင်း (ဆင်တဲ) တွင် ကပစစ်သား လူပျိုလူလွတ်အဖြစ် စည်သူဆောင်တွင် နေနေခြင်းဖြစ်၏။

အစ်ကိုကြီးအဖအရာ လုပ်လာခဲ့သော ကျွန်တော်သည် အမေ့အခက်အခဲကိုသိသူ၊ ညီများအတွက် တာဝန်ရှိသူ၊ မိသားစုအသိစိတ်ဓာတ်ရှိသူအနေနှင့် လစဉ်ပုံမှန်ငွေကြေးထောက်ပံ့ကူညီပံ့ပိုးနေသူဖြစ်ပါသည်။ အမေ့ငွေတောင်း အကူအညီတောင်း၍မဟုတ်ချေ။ ကျွန်တော့်အသိစိတ်ဓာတ်အရ နားလည်မှုရှိ၍ အလိုက်သိစွာ သိတတ်ပေးမှုသာဖြစ်ပါသည်။ အမေက ကျွန်တော့်ကိုပြောပြီးဆိုပြီးသားပင်။

'နင်က မိဝေးဖဝေး၊ ရပ်ဝေးရွာဝေး၊ တစ်နယ်တစ်ကျေးမှာ မျက်စိကွယ်ရာ၊ နားကွယ်ရာမှာ နေနေရတဲ့လူ။ ဘယ်လိုလူတွေနဲ့ပေါင်းသင်းဆက်ဆံနေရလဲ၊ ဘာအလုပ်တွေ လုပ်နေရလဲ၊ ဘယ်လိုနေရလဲ၊ ဘယ်လိုစားရလဲ ငါဘာမှမသိဘူး။ ငါက နင့်အမေ၊ နင့်အကြောင်း ဘာမှမသိ။ ခက်ခဲလား၊ ပင်ပန်းလား၊ ဒုက္ခများနေလား၊ ဘာမှမသိဘဲနဲ့ အလိုက်ကန်းဆိုးမသိ ငွေပို့ပါလို့နင့်အမေငါ ဘယ်တော့မှမတောင်းဘူး။ နင်ပေးရင် ယူမယ်။ မပေးရင်မယူဘူး။ ငါက တောင်းဖို့ကို မစဉ်းစားဘူး' ဟူ၏။

လကုန်ရက်များတွင် ရောက်လာတတ်ကြသော သူငယ်ချင်းများ၏ အမေများကိုမြင်တွေ့ရတိုင်း ကျွန်တော့်အမေကို သတိရမိတတ်ပါသည်။ သားများအပေါ်တွင် ဂရုစိုက်တတ်သောအမေ့တွင် အခြားအားနည်းချက် ပျော့ကွက်ဟာကွက်များ ရှိနိုင်ပါသည်။ လူကိုး။ ပြီးတော့ အမေ့မှာ ငါးစိမ်းသည်မ. . .။

# မြန်မာမျိုးဆက်သစ်လူငယ်ဘောလုံးကစားသမားများ ဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ပေးနိုင်မည့် အခြေခံဘောလုံးကစားနည်း ဗွီဒီယိုရုပ်သံစီးရီး အခမဲ့ဖြန့်ချိမည်

**KMC**

MPT မှ မြန်မာနိုင်ငံအနှံ့ရှိ အခြေခံပညာကျောင်းများနှင့် ဒေသခံဘောလုံးအသင်းများမှ လူငယ်ခြေတက်ကစားသမားများ၏ တက်သစ်စဘောလုံးစွမ်းရည်များကို ပိုမိုထူးချွန်လာစေရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ( MFF )၊ မြန်မာနေရှင်နယ်လိဂ် ( MLN )၊ သက်ဆိုင်ရာမြို့နယ်ဘောလုံးအဖွဲ့အစည်း ( TFA ) အခြေခံပညာဦးစီးဌာနတို့နှင့်အတူ ပူးပေါင်း၍ အရေးအကြီးဆုံးသော အခြေခံဘောလုံးကစားနည်းစနစ်များပါဝင်သည့် သင်ကြားရေးဗွီဒီယိုရုပ်သံစီးရီးကို အခမဲ့ဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာလ ၂၅ ရက်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်းအနီး Goal Hotel ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သော သင်ကြားရေးဗွီဒီယိုဖြန့်ချိသွားမည့် အကြောင်းအရာနှင့်စပ်လျဉ်းသည့် စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲအခမ်းအနားမှ သိရသည်။

အဆိုပါဘောလုံးအခြေခံအားကစားနည်း သင်ကြားရေးဗွီဒီယိုရုပ်သံစီးရီးအစီအစဉ်ပါဝင်သည့် DVD အချပ်ရေ စုစုပေါင်း ၁၅,၀၀၀ ကို ပဲခူး၊ မန္တလေး၊ မော်လမြိုင်၊ မုံရွာ၊ ပုသိမ်၊ စစ်တွေ၊ တောင်ကြီးနှင့်ရန်ကုန်မြို့ရှိ အခြေခံပညာကျောင်းများအပြင် MNL ကလပ်အသင်းများ၊ မြို့နယ်အလိုက်ဘောလုံးအဖွဲ့အစည်းများ၊ Grassroots ဘောလုံးပွဲတော်နှင့် ၁၄ နှစ်အောက် ဘောလုံးပြိုင်ပွဲများတွင် အဆိုပါ DVD များကို အောက်တိုဘာလမှစတင်၍ အခမဲ့ဖြန့်ချိသွားမည်ဖြစ်သည်။

ယင်းသင်ကြားရေးဗွီဒီယိုတွင် ကျန်းမာပျော်ရွှင်သော လူမှုဘဝနှင့် နည်းလမ်းတကျဖွံ့ဖြိုးကြီးထွားရေးကို ဦးတည်ဆောင်ရွက်ထားပြီး ဘောလုံးထိန်းချုပ်နည်း၊ ဘောလုံးဆွဲယူနည်း၊ ဘောလုံးအပေးအယူ လုပ်နည်း၊ ဂိုးဖမ်းနည်း၊ ဘောလုံးကန်နည်း စသည်တို့အပြင် အသင်းငယ်လေးများခွဲ၍ ယှဉ်ပြိုင်ကစားကြပုံတို့ကိုပါ ထည့်သွင်းပေးထားသည်။

ထို့ပြင် တိုင်းနှင့်ပြည်နယ်များရှိ ကျောင်းပေါင်း ၁၆ ကျောင်းတွင် ရုပ်သံဗွီဒီယိုအား နည်းစနစ်သရုပ်ပြသည့် အစီအစဉ်များကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ကျွမ်းကျင်နည်းပြ ၅၀ ဦးတို့မှ ပါဝင်လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ရုပ်သံစီးရီးများကို MPT၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ( MFF) နှင့် မြန်မာနေရှင်နယ်လိဂ် ( MNL ) တို့၏ တရားဝင် Facebook စာမျက်နှာများ၊ Website များနှင့် MPT ၏ လိုတရ Portal ၊ MPT-MNL Application တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



# MCI Co.,Ltd

TASCO

➤ အိမ်သုတ်ဆေးလုပ်ငန်း၊ ရာဘာလုပ်ငန်း၊ စက္ကူပျော့ဖတ်လုပ်ငန်း၊ ငါးကန်၊ ပုစွန်ကန်များတွင် အသုံးပြုနိုင်သော

$CaCO_3$ Power အမျိုးမျိုး

Mesh 250, 450, 635, 800

➤ ရေစိုခံ ပလတ်စတစ်လောင်းထားသော ပိုန်အိတ်အမျိုးမျိုးအားထုတ်လုပ်ရောင်းချလျက် ရှိပါသည်။

➤ လုပ်ငန်းသုံး ပိုန်အိတ် အရွယ်အစားအမျိုးမျိုး အား စိတ်တိုင်းကျမှာယူနိုင်ပါသည်။

No.(100-101),Wat Ma Sautt Wun Htaut Street,
Hlaing Thar Yar Industrial Zone (4),
Yangon.
Tel: 01 685731, 09 5010137

# SINMA FURNISHINGS CO., LTD.




- No. 103/A, Dhamazedi Road, Kamayut Township, Yangon, Myanmar.
  Tel : +95-1-539413, +95-9-4500 35694
- 3rd Floor, Thiri Mingalar Market (Old Building) KyeeMyinTaing Township, Yangon.
  Tel: +95-1-2300974, 2301004, 2301008, Fax: +95-1-2315581 Email: info@sinmafurniture.com
- No. 51, 62nd Street, Between Ma Naw Ha Yi Street & Sein Pan Street, Chan Mya Tha Si Township, Mandalay.
  Tel: +95-2-81698, +95-9-91036216, +95-9-444020510, +95-9-457183540
- No. 2, Thiri Yadana Road, Corner of Zayar Htarni Road, Commercial Complex, Ottayathiri Township, Naypyitaw, Myanmar.
  Tel: +95-67-433312, +95-67-433325, Hotline : +95-67-433316

# GOLDEN JASMINE INTIMATES MANUFACTURING INTERNATIONAL CO.,LTD.

## ဝန်ထမ်းအလိုရှိသည်။



| | | |
|---|---|---|
| ၁။ စက်ချုပ် | ( | )ဦး |
| ၂။ စက်ချုပ်အကူ | ( | )ဦး |
| ၃။ Finishing | ( | )ဦး |
| ၄။ Cutting | ( | )ဦး |
| ၅။ သန့်ရှင်းရေး | ( | )ဦး |
| ၆။ လုံခြုံရေးမ | ( | )ဦး |
| ၇။ အထည်စစ် | ( | )ဦး |
| ၈။ စက်လိုင်းခေါင်းဆောင် | ( | )ဦး |

၁။ အသက် (၁၈)နှစ်ပြည့်ပြီးသောသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသော ကြို/ပို့ (ဖယ်ရီ) ကား ရှိသည်။

၃။ ခေတ်မှီအော်တိုစက်များကို အသုံးပြုထားသည့်အတွက် လွယ်ကူသက်သာစွာ အလုပ်လုပ်နိုင်မည်။

၄။ ခေတ်မှီရေပန်ကာများ တပ်ဆင်ထားခြင်းအတွက် အေးချမ်းစွာ အလုပ်လုပ်နိုင်ပါသည်။

မှတ်ချက်။ ။ အဆောင်ပေး၊ ထမင်းသုံးနပ်ကျွေး၊ စားရိတ်ငြိမ်းဖြင့် နေလိုသော ဝန်ထမ်းများ ဦးစားပေးပါမည်။ စက်ချုပ်ဝါသနာပါသူများ တတ်မြောက်သည်အထိ လေ့ကျင့်ပေးပါမည်။ လစာ ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။ (တနင်္လာနေ့မှ စနေနေ့အထိ) အင်တာဗျူး ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ် (၃၇) ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ စက်ရုံဖုန်း– ၀၉ ၂၅၀၇၃၉၆၂၈

# Kamcaine MFG (Myanmar) Co.,Ltd.



No. 186, Makhayar Min Thar Gyi Maung Phyo Street, Industrial Zone (2),
Hlaing Thar Yar Township, Yangon.
Ph : 09 250044658, 09 974778994


Every Day... Fresh & Tasty
J'DONUTS
Sayalay


STEP
active wears
100% Cotton
STEP INTO THE FUTURE



မန်းရှင်
အောက်ဆီဂျင်စက်ရုံ
ဓါတ်ငွေ့
O2,C2H2,CO2,
N2,Ar,Propane
အမျိုးမျိုးရရှိနိုင်ပါသည်.....
နေပြည်တော်စက်ရုံ - JW-038၊ မိုးသောက်ပန်းလမ်းနှင့်ရှမဝလမ်းထောင့်၊ ဒက္ခိဏသီရိအသေးစားနှင့် အလတ်စား စက်မှု
အရောင်းဆိုင် - အမှတ်(၉/၁၂)၊ ပျဉ်းမနား - တောင်ညိုလမ်း၊ နေပြည်တော်ကောင်စီရုံးနှင့်မျက်နှာချင်းဆိုင်၊
အောင်ဇမ္ဗူရပ်ကွက်၊ဇမ္ဗူသီရိမြို့နယ်။ 09-2000290,09-792000290,09-952000290,09-799046325
မန္တလေးစက်ရုံ
အရောင်းဆိုင် - ရန်ကုန် - မန္တလေးလမ်းမကြီးအရှေ့ဘက်၊ စက်မှုဇုန် (၁)နှင့်(၂) ကြား၊ မန္တလေးမြို့
02-5154480 09-2000290,09-91035779,09-792000290
တောင်ကြီးစက်ရုံ - အမှတ်(၃/၉၀)၊ ဗိုလ်ချုပ်လမ်း၊ အေးသာယာ စက်မှုဇုန်။
09-2000290,09-792000290,09-30133158, 09-91035778,09-422000290, 09-796168101




Golden Thurain Linn Agricultural Machinery and Technology Trading Co.,Ltd.
MEGASUN AgriTech
PRODUCT SPECIFICATION
X model 40~50 Tons
CL 423X400
CAPACITY :40T
Height :14072mm
HUSK BURNER
G model 20~32 Tons
CL 423G300
CAPACITY :30T
Height :12701mm
H model 20~32 Tons
CL 423H300
CAPACITY :30T
Height :11183mm
V model 6~12 Tons
CL 423V120
CAPACITY :12T
Height :8165mm
MS-38
MS-30
MS-28
Far Infrared Dryer
Oil-free chaff furnace 30 tons one to five dryer
CL 423-H300
CAPACITY:30T
HEIGHT:11100mm
Oil-free chaff furnace 30 tons one to five dryer
SUN
တိုက်အမှတ်(110/B)၊အခန်းနံပါတ်(8)၊နဝဒေးဥယျာဉ်အိမ်ရာ၊ဗိုမှူးနင်းလမ်းအနီး၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။
Tel: 09250641550 , 09250030397 ,09782918593.Email .goldensun103@gmail.com
Web.http://www.bagantrade.com/goldenthurainlinn , www.sunshen.com.tw




တို့တောင်သူတွေ ဘဝစိတ်အေးဖို့ သီးနှံအာမခံထားကြစို့
GLOBAL WORLD INSURANCE CO.,LTD
ဂလိုဘယ်ဝေါ(လ်)အာမခံကုမ္ပဏီ
Crop Insurance
သီးနှံအာမခံ
Hotline
09 - 33087771
No(62), Bahosi Developement, Wardan Street, Lamandaw Township,
Yangon, Myanmar. Phone : 01 - 2302508 ~ 9, Fax : 01 - 2302507

PNWR
SMMH
Shwe Myint Mo Htoo
Company Limited
Concrete Pole Factory
Relieving of the authorized capital and manufacturing expenses.
Easy to move transportation.
The quality of the manufactured pole are high.
Can be able to produce quickly of the required amount as of the volume of work.
Company Registration No. 3914/2012-2013,
Industry Registration No. Ya Ka / Kyee / 2057.
Address : No. (100), Thapyay Street, Golden Pollen Villa, Tatalingyate Quarter, North Okkalapa Township.
Phone : +95-9-5116238,
E-mail : htoo6238@gmail.com

မြန်မာပြည်တွင် ထုတ်လုပ်သည်။
SG
SOGO
PVC PIPE & FITTING
SOGO PVC ရေတံလျှောက် နှင့် ရေတံလျှောက် Fitting များကို
တွဲသုံးခြင်းအားဖြင့်နှစ်ပေါင်း(၅၀) ထိတာရှည်ခံသုံးစွဲနိုင်ပါသည်။
ပိုက်နှင့်ပိုက်ဆက်ပစ္စည်းအမျိုးပေါင်း(၃၀၀)ကျော်
ထုတ်လုပ်ရောင်းချလျက်ရှိသည်။
Customer Service : 09-73073014 (Office Hour)
www.popularplastic.com
Popular Plastic Group
E-mail :popularplastic1985@gmail.com

# ASIA WORLD INDUSTRIES LTD.,
## Laminated Woven Bag Factory











No.125/126,Muse Street,Ward No (23), Industrial Zone(1),
South Dagon Township,Yangon,Myanmar.
Tel : 01 2348472~73, 09 260066622, 09 260066688.
Email: awppbag@gmail.com Website : www.asiaworldindustries.com

# AMAVA APPAREL LTD.

## UNIFORM ESSENTIALS

TRUSTED PRODUCER OF HIGH QUALITY OUTDOOR AND ACTIVE WEAR.




Under Implement of

- ISO 9001:2015
- ISO 1401:2015
- WRAP Certificate (Worldwide Responsible Accredited Production)
- LEED Green Platinum

**AMAVA APPAREL LTD.**

Plot 24 & 25 Delta Industrial Zone,
Pathein Township, Ayeyarwaddy Region, Myanmar.
Phone: +95 (01) 042 29268
Email: Info@amava.com.mm
Web: www.amava.com.mm



## စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
## SME Member Card ( Smart Card ) အတွက် လုပ်ငန်းအပ်နှံရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းညှိနှိုင်းရေးဌာနမှ SME Member Card လျှောက်ထားလာသည့် လုပ်ငန်းရှင်များသို့ Member Card ( Smart Card ) များ ထုတ်ပေးနိုင်ရန်အတွက် ***မြန်မာကျပ်ငွေဖြင့်*** လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

*(က) Size - $85.5^{+0.20}_{-0.03} \times 54.0^{+0.03}_{-0.08} \times 0.8$ mm*
*(ခ) Printing - Front & Back ( Colour ) , QR Code*
*(ဂ) Card - PVC ISO White*

၂။ ***တင်ဒါပုံစံရောင်းချမည့်ရက် - ၂၄. ၉. ၂၀၁၈ ရက်နေ့***
***တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉. ၁၀. ၂၀၁၈ ရက်နေ့၊ ညနေ (၄း၀၀) နာရီ***

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

***ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်လုပ်ငန်းညှိနှိုင်းရေးဌာန ( SME )***
***စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန***
***စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်***
***ဖုန်း-၀၆၇၃-၄၀၈၃၉၅***

## မြန်မာ့ဆေးဝါးလုပ်ငန်း
## တိရစ္ဆာန်အစားအစာ (၅) မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်

| *စဉ်* | *ပစ္စည်းအမည်* | *အရေအတွက်* |
|---|---|---|
| *(၁)* | *မြင်းစာတောင့် ( 30 Kg )* | *၅,၆၅၅ အိတ်* |
| *(၂)* | *အစေ့ထုတ်ပြောင်း* | *၁၇၇ တန်* |
| *(၃)* | *ဂျုံဖွဲကြမ်း* | *၃၁၃ တန်* |
| *(၄)* | *ကုလားပဲလုံး* | *၂၈ တန်* |
| *(၅)* | *ဖွဲနု* | *၁,၈၆၁ တင်း* |

၂။ ***တင်ဒါပိတ်ရက်နှင့်အချိန် - (၂၉. ၁၀. ၂၀၁၈) ရက်နေ့၊ မွန်းလွဲ (၄း၀၀) နာရီ***
၃။ ***ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်)***
***မြင်းမွေးမြူရေးဌာန (ဟဲဟိုး)***
၄။ ***တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ***
***စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) နေပြည်တော်***

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

***မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)***
***စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) နေပြည်တော်***
***ဖုန်း-၀၆၇၃-၄၀၈၃၈၈***

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းပိုင် ***ဝင်းသူဇာအရောင်းဆိုင် (မြို့မဈေး) နေပြည်တော်ရှိ ဆိုင်ခန်းအမှတ် (၇/၅၊ ၆၊ ၂၃၊ ၂၄) ဆိုင်ခန်း (၄) ခန်းအား*** တင်ဒါခေါ်ယူငှားရမ်းသွားမည်ဖြစ်ပါသည်။

***(က) တင်ဒါပိတ်မည့်ရက် - ၁၂. ၁၀. ၂၀၁၈ (သောကြာနေ့)***
***(ခ) တင်ဒါပေးသွင်းရမည့်နေရာ - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း***
***အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း***
***ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန***
***နေပြည်တော်***

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ***အုပ်ချုပ်ရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၇) နေပြည်တော်၊ ဖုန်း - ၀၆၇၃-၄၀၈၄၂၀*** တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

***တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ***